# ကြေးမုံ
The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့၊ (28-3-2016) (၈၅၁၉)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှွံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညစာ်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ဂုဏ်ပြု

**နေပြည်တော် မတ် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညပိုင်းတွင် နေပြည်တော်ရှိဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ဂုဏ်ပြုသည်။ **(ယာပုံ)**

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် (၇၁)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော် အငြိမ်းစား အရာရှိကြီးများနှင့်ဇနီးများ၊ လွှတ်တော်ကော်မတီများမှဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သီဟသူရဘွဲ့၊ သူရဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုးထားသည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**



# နိုင်ငံတော်အစိုးရနှင့်အတူ ပါတီစုံဒီမိုကရေစီနိုင်ငံတော် ဖော်ဆောင်သည့်နေရာတွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်

## (၇၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၂၇**

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ တပ်မတော်နေ့ ဦးတည်ချက် လေးရပ်နှင့်အညီ အနှစ်သာရရှိစွာ ကျင်းပသည်။

၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် ယန္တရားတပ်ဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်သည်များ၊ တပ်မတော်(ကြည်း)

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**



ကြေးမုံစာတည်းရှထောင့် ၂၈-၃-၂၀၁၆၊ တနင်္လာနေ့

# အံဝင်ခွင်ကျ၊ ညီညွတ်စွာမောင်းနှင်

နိုင်ငံတော်၏ယန္တရားအမျိုးမျိုးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်း တစ်သန်းခွဲကျော်သည် ဆိုင်ရာလုပ်ငန်းများအလိုက် အဆင့်ဆင့်သောတာဝန်များကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြပါ သည်။ ငါးနှစ်တာကာလအတွင်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အတတ်နိုင်ဆုံး ဦးဆွေးဆံမြည့်ထမ်းဆောင်ခဲ့ကြသည်ဟု ယုံကြည်ပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် ယခင်အုပ်ချုပ်ရေးစနစ်နှင့် ကွဲပြားခြားနားသည့် အုပ်ချုပ်ရေးစနစ်သစ်တစ်ခု ပေါ်ပေါက်လာအောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေလိမ့်မည်။

ထိုသို့လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရာတွင် မိမိတို့တစ်ဦးချင်းစီအလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အတူ တာဝန်ခံခြင်း၊ တာဝန်သိခြင်း၊ တာဝန်ယူခြင်းဖြင့် အကောင်အထည်ဖော်ခဲ့ကြမည်ဖြစ်သည်။ အဓိက ရည်မှန်းချက်မှာ ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းရေး၊ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း ဥပဒေတွင် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ကိုယ်ကျင့်တရားနှင့် ခံစားခွင့်များပါမကျန် တိကျစွာပြဋ္ဌာန်းထားပြီး ထိုပြဋ္ဌာန်းချက်နှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရသည်။

ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် တာဝန်ရှိသကဲ့သို့ တာဝန်အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်ခြင်းမှလည်း ရှောင်ကြဉ်ရမည်ဖြစ်သည်။ ရာထူးအလိုက်သတ်မှတ်ထားသည့်တာဝန်များကို ထမ်းဆောင်ရမည်ဟုပြဋ္ဌာန်းထားသည်။ သို့ရာတွင် ဝန်ထမ်းအများစုတို့သည် ထိုတာဝန်နှင့် လုပ်ပိုင်ခွင့်တို့၏ သဘောသဘာဝများကို အကြမ်းဖျင်းသာနားလည်သိရှိထားကြပြီး တိတိကျကျဆောင်ရွက်နိုင်မှု အားနည်းနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။

အချို့နယ်ပယ်တွင် လုပ်ငန်းလိုအပ်ချက်အပေါ်တွင်မူတည်၍ မူလသတ်မှတ်ထားသည့်တာဝန်မှ သွေဖည်ကာ အလျဉ်းသင့်သလို ပြောင်းလဲဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ထိုသို့ဆောင်ရွက်ရသည်မှာလည်း ပြဋ္ဌာန်းချက်တွင် ဝန်ထမ်းများအတွက် ယေဘုယျဆန်သည့် သတ်မှတ်ချက်များရှိနေသောကြောင့်ဖြစ်သည်။ ထိုအခါ တာဝန်နှင့်လုပ်ပိုင်ခွင့် အံဝင်ခွင်ကျမဖြစ်ဘဲ အဆီအငေါ်မတည့်မှုများလည်း ရှိခဲ့မည်ဖြစ်သည်။

အုပ်ချုပ်ရေးယန္တရားဟူသည် ပုံမှန်လည်ပတ်နေသော စက်ရုံကြီးတစ်ရုံနှင့်တူသည်။ ပုံမှန်မောင်းနှင်နိုင်သော ယာဉ်တစ်စီးနှင့်လည်းတူသည်။ ရိုးစ်ဝက်အင်ဂျင်စက်ကဲ့သို့လည်းဖြစ်သည်။ ထိုစက်တွင် သူ့အစိတ်အပိုင်း၊ သူ့အရစ်၊ သူ့အထိုင်၊ သူ့အထိန်း၊ သူ့ခွေးသွားစိပ်၊ သူ့နေရာနှင့်သူ အတိုင်အဖောက် ညီညွတ်စွာဖြင့် အလည်အပတ်မှန်ကန်စွာ မောင်းနှင်နေသောအရာဖြစ်သည်။ အကွပ်အကဲအထိန်းအချုပ်အပိုင်းတွင်လည်း သူ့အစိတ်အပိုင်းနှင့် သူ့ဝတ္တရားအတိုင်း အလုပ်လုပ်ကြရသည်။

ထိုသဘောတရားအတိုင်း မှန်မှန်ကန်ကန်ရှုမြင်သုံးသပ်ပြီး တိတိကျကျလုပ်ဆောင်နိုင်မှသာ လိုရာခရီးပန်းတိုင်သို့ ချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ အဆိုပါ စက်ယန္တရားအစိတ်အပိုင်းများမှ အကြီးအငယ်အစိတ်အပိုင်းများအားလုံးမှာ နိုင်ငံ့ဝန်ထမ်းများနှင့် ပမာတူပေသည်။ သူ့နေရာနှင့်သူ အံဝင်ခွင်ကျရှိနေသော အစိတ်အပိုင်းများသည် မောင်းနှင်သူ၏အလိုကျ လှုပ်ရှားရုန်းကန်နိုင်ရန် အသင့်ရှိရမည်ဖြစ်သည်။ ယန္တရားစက်ကိုမောင်းနှင်သူက မူချပေးရုံ၊ ကွပ်ကဲရုံဖြင့် လိုရာခရီးသို့ မှန်မှန်ကန်ကန်ရောက်ရှိနိုင်သည်။

အရည်အသွေးကောင်းမွန်သော ယန္တရားစက်အစိတ်အပိုင်းများ သူ့နေရာနှင့်သူ မှန်မှန်ကန်ကန်တပ်ဆင်ထားပြီးရှိပါမူ၊ မောင်းနှင်သူမည်မျှပြောင်းလဲစေကာမူ၊ မည်မျှပြောင်းလဲထိန်းချုပ်စေကာမူ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ပေသည်။ သို့ရာတွင်မူ ယန္တရားစက်အစိတ်အပိုင်းတစ်ခုကို သူ့နေရာနှင့်သူ တပ်ဆင်ခြင်းမဟုတ်ဘဲ နေရာလွဲ၍ တပ်ဆင်မိမည်ဆိုပါက ထိုယန္တရားမှာ ချောမွေ့စွာလည်ပတ်နိုင်မည် မဟုတ်ချေ။

ယန္တရားအစိတ်အပိုင်းအမျိုးအစားတို့မှာ အကြီးအသေး၊ အမျိုးအစား ကွဲပြားခြားနားကြသော်လည်း မူဘောင်အတွင်းမှ အစုအဝေးတစ်ခုတည်းပင်ဖြစ်သည်။ Harmony အဆင်ပြေပြေစွာလည်ပတ်ရမည်။ Rigid အဆက်အစပ် မရှိခြင်းမဖြစ်သင့်ပေ။ Flexible ညီညွတ်ချောမွေ့စွာ လည်ပတ်ကြမည်ဆိုပါက လိုရာခရီးပန်းတိုင်သို့ အောင်မြင်ချောမွေ့စွာ ရောက်ရှိနိုင်မည်ဖြစ်သည်။ ။

## ရတနာပုံခေတ်အမှတ်တရသင်္ကေတအမြောက်များ မန္တလေးမြို့တွင် လေ့လာနိုင်

**မန္တလေး မတ် ၂၇**

ရတနာပုံခေတ်တွင် မြန်မာနိုင်ငံကို အနောက်နိုင်ငံများနည်းတူ စက်မှုထွန်းကားရေးနှင့် ခေတ်မီလက်နက်နိုင်ငံတည်ဆောက်ရေးတို့ကို ကြိုးစားခဲ့ကြောင်း သိရသည်။ မြန်မာတို့၏ တီထွင်မှုတွင် ရေမြှုပ်ဗုံးအထိပင် တီထွင်စမ်းသပ် အောင်မြင်ခဲ့သည်။ ရတနာပုံခေတ် ၁၈၆၅ ခုနှစ် မေ ၁၆ ရက်တွင် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် မန္တလေးတောင်ခြေ ကျောက်တော်ကြီးဘုရားသို့ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူခဲ့ကြောင်း သိရသည်။

ထိုထွက်တော်မူပုံကို ပန်းချီဆရာက ပုရပိုက်တွင် ဆွဲထားခဲ့ကြောင်းနှင့် ထိုပုရပိုက်ကို မစ္စတာဆွင်ဟိုးထံမှ တစ်ဆင့် အိန္ဒိယကျောက်စာဌာနက ရရှိကာ ပုံနှိပ်မှတ်တမ်းတင်ခဲ့ကြောင်း သမိုင်း အထောက်အထားများအရ သိရသည်။

ထိုမှတ်တမ်းအရ မင်းတုန်းမင်း ထွက်တော်မူရာတွင် ရှေ့ဆုံးမှ အမြောက်တပ်၊ နောက်တွင် ရှေ့ပြေးတပ်ခေါ် တပ်ရင်းအရွယ်အစားခန့်ရှိ တပ်ခြောက်တပ်၊ နောက်နန်းတော်အစောင့်တပ်လိုက်ပါရပြီး နောက်ဆုံးတွင် နောက်ရံတပ်ခြောက်တပ်လိုက်ပါရသည်ဟု သိရသည်။ ရှေးဘုရင်များသည် နန်းတော်မှသကြ်န်တော်ခေါ်ထွက်ခြင်း၊ မြို့နန်းအသစ်တည်ဆောက်ပြီးလျှင် ထီးသိမ်း၊ နန်းသိမ်းထွက်ခြင်း၊ ကုသိုလ်ကောင်းမှုပြုရန် ထွက်ခြင်းတို့ကို ထွက်တော်မူကြီးထွက်သည်ဟု ခေါ်ဝေါ်လေ့ရှိကြောင်း သိရပြီး ရှေ့ခြောက်တပ်၊ နောက်ခြောက်တပ်ဝင်းခင်းခြင်းကို ရှေးက ထွက်တော်မူခြင်း (၁၂)ရပ်ဟု ခေါ်ကြောင်း သိရသည်။

မန္တလေးမြို့ သမိုင်းဝင် အဖိုးတန်အမွေအနှစ် မြနန်းစံကျော် ရွှေနန်းတော်ရှေ့တွင်ထားရှိသော ရတနာပုံခေတ်အမြောက်ကြီးများသည် ရှေးမြန်မာများ ခေတ်အမြင်၊ခေတ်အတွေးများရှိပြီး ခေတ်မီလက်နက်နိုင်ငံကို တည်ထောင်ခဲ့ကြောင်းကိုလည်း သက်သေပြနေသည်။ နန်းတော်ရှေ့မှ ရတနာပုံ သံအမြောက်သည် မြန်မာ့လက်နက်နိုင်ငံတော် ထူထောင်ကာ တိုင်းပြည်ကို ကာကွယ်ရေးအတွက် အင်္ဂလန်နိုင်ငံ လက်နက်စက်ရုံမှ ဝယ်ယူခဲ့ကြောင်း သိရသည်။

သံဖြင့်ပြုလုပ်ထားပြီး မူလက ရှေ့တိုးနောက်ဆုတ်သာ ရွှေ့လျားပစ်ခတ်နိုင်သော်လည်း မြန်မာတို့မှ ၃၆၀ ဒီဂရီပတ်လည် ရွှေ့ပြောင်းပစ်ခတ်နိုင်ရန် တွန်းစင်ဖြင့်ပြန်လည်တီထွင်ထားခဲ့သည်။ ပစ်ခတ်လိုသောအခါ ပြောင်းဝမှ ယမ်းထိုးပြီး အမြောက်ဆံ (သံလုံး)ထည့်၍ စနက်တံဖြင့် ဆက်သွယ်မီးညှိပစ်ခတ်ရကြောင်း သိရသည်။

ယခုအခါ မြနန်းစံကျော် ရွှေနန်းတော်ရှေ့မှ ရတနာပုံသံအမြောက်သည် မြန်မာတို့ ခေတ်မီခဲ့ကြောင်း သက်သေပြလျက်ရှိသည်။ ထို့အတူပင် ရတနာပုံခေတ်သင်္ကေတ အမှတ်တရ အမြောက်နှစ်လက်ကိုလည်း ဧရာဝတီမြစ်ဆိပ် ဒေသအခေါ် အမြောက်ကြီးနှစ်လက် ဆိပ်တွင် တွေ့ရသည်။ ဧရာဝတီမြစ်ဆိပ် ကမ်းနားလမ်းအတိုင်း သွားရောက်လည်ပတ်သူများမှာ အမြောက်ကြီးနှစ်လက်ဖြင့် အမှတ်တရဓာတ်ပုံ ရိုက်ကူးရင်း ဧရာဝတီမြစ်အလှကို ကြည့်ရှုမှုများပြားလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**






## တပ်မတော်နေ့အထိမ်းအမှတ် (၇၅)နှစ်အထက် မသန်စွမ်း မော်ကွန်းဝင်များအား ထောက်ပံ့ကြေးပေးအပ်

**ရေး မတ် ၂၇**

မွန်ပြည်နယ် ရေးမြို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ယနေ့ နံနက် ၁၀ နာရီက (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အသက်(၇၅)နှစ်အထက် မသန်စွမ်းစစ်မှုထမ်းဟောင်းများ၊ မော်ကွန်းဝင်များနှင့် သူရဲကောင်းမှတ်တမ်းဝင်သူများအား ထောက်ပံ့ကြေးပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်မှူးကြီးရန်နောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မသန်စွမ်း ၂၄ ဦး၊ အသက်(၇၅)နှစ်အထက် သက်ကြီးစစ်မှုထမ်းဟောင်း ၂၃ ဦး၊ သူရဲကောင်းဘွဲ့ရ သုံးဦး၊ မော်ကွန်းဝင်ဆုတံဆိပ်ရ နှစ်ဦးတို့အား ထောက်ပံ့ကြေးငွေများနှင့် ရေးမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**



## ထီးချိုင့်မြို့နယ်အတွင်း ပဲပုပ်ဈေးကောင်းရသဖြင့် စိုက်ပျိုးသူများပြား

**ထီးချိုင့် မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် နှစ်စဉ် ပဲအမျိုးမျိုးကို အဓိက စိုက်ပျိုးလျက်ရှိသည့်အပြင် ကြံ၊ နှမ်းသီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ယခုအခါ ပဲပုပ်ဈေးကောင်းရလာသောကြောင့် ပဲပုပ်စိုက်ပျိုးသူ များပြားလာကြောင်း သိရသည်။

"နှစ်စဉ်အဓိက ဈေးကောင်းရတာက မြေပဲဆိုတော့ မြေပဲကိုပဲ အစိုက်များကြပါတယ်။ ဒီနှစ်ဆောင်းမြေပဲပေါ်ချိန် မြေပဲခင်းအချို့ မြေတွင်းအောင်း မှိုရောဂါတစ်မျိုးကျတာကြောင့် မြေပဲအထွက်နှုန်းကျဆင်းသွားတယ်။ မနှစ်က မြေပဲ တစ်ဧက တင်း ၅၀ ထွက်ပြီး ဒီနှစ်ပေါ်ချိန် တစ်ဧကတင်း ၃၀ ပဲ ထွက်တော့ မြေပဲစိုက်တောင်သူတွေ အဆင်မပြေဖြစ်ကြပေမယ့် အခု ပဲပုပ်စိုက်သူတွေက ပဲပုပ်ဈေးကောင်းတော့ မြေပဲစိုက်တောင်သူတွေထက် အဆင်ပြေကြတယ်။ ဒါကြောင့်ဒီနှစ်မှာ ပဲပုပ်စိုက်ပျိုးကြတော့မှာပါ"ဟု မြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ပဲပုပ်ကိုမနှစ်က တစ်ဦးကို ငါးဧကလောက်ပဲ စိုက်ပျိုးကြပြီး တစ်ဧကတင်း ၂၀ ပဲထွက်တာ။ ဒီနှစ်က တစ်ဧကတင်း ၃၀ ကျော်အထိ ထွက်ကြသလို ဈေးကောင်းလည်းရတာကြောင့် ဒီနှစ်မှာ တစ်ဦးကို ခုနစ်ဧကလောက်တိုးချဲ့စိုက်ပျိုးကြမှာပါ"ဟု ပဲပုပ်စိုက်တောင်သူတစ်ဦးက ပြောသည်။

ထီးချိုင့်မြို့နယ်အတွင်းရှိ ပဲပုပ်စိုက်တောင်သူများသည် ၂၀၁၅ ခုနှစ်တွင် ပဲပုပ်တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀ ဈေးရှိခဲ့ပြီး ယခုနှစ်မတ်လတွင် တစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀ အထိပေါက်ဈေးရှိကြောင်း၊ မျိုးပဲပုပ်တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀ ဝယ်ရပြီး တစ်ဧကလျှင် ရှစ်ပြည်ခန့်ကြဲရကြောင်း၊ ထွက်ရှိလာသည့် ပဲပုပ်များကို မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။ **(စိုင်းလူမင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှုံ

### ❐ နိုင်ငံတော်သမ္မတမှ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(၇၁)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ မြဝတီတေးဂီတအဖွဲ့နှင့်တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန်သဘင်ဆောင်ခန်းမ၌ မြဝတီအငြိမ့်အဖွဲ့နှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများက ယဉ်ကျေးမှုအကပဒေသာများဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေကြသည့် အနုပညာရှင်များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၇၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# (၇၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များနှင့် တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများပေးအပ်

**နေပြည်တော် မတ် ၂၇**

(၇၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "အညတရ မိုးကောင်းကင်" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ "အညတရမိုးကောင်းကင်"ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူစာပေပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက တပ်မတော်နေ့ဂုဏ်ပြု "အညတရ မိုးကောင်းကင်" ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် ဇာတ်ကားဖြစ်မြောက်ရေးတာဝန်ခံ ဗိုလ်မှူးကြီးခင်မောင်ချို၊ ထုတ်လုပ်မှုတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး၊ ဝတ္ထု၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာဗိုလ်ကြီးတင်အောင်စိုး၊ စက်မှုနှင့်တည်းဖြတ် ဗိုလ်ကြီးဗညားအောင်၊ ဒါရိုက်တာနှင့်သရုပ်ဆောင် အကယ်ဒမီဝေဠုကျော်၊ ရုပ်ရှင်သရုပ်ဆောင် နေဒွေး၊ အေးမြတ်သူ၊ အကယ်ဒမီမေသဥ္ဇာဦး၊ အကယ်ဒမီယွန်းယွန်း၊ ဂွမ်းပုံ၊ မိုးလရောင်နှင့် ဟန်ဆက်လူလူတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ချီတေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီးဖုန်းမြင့်၊ ဒုတိယဆုရရှိသော ဒေါ်ခင်မိုးထွေး/မိုးသူ(သုခုမ)၊ တတိယဆုရရှိသော တပ်ကြပ်ကြီး စောစဲနေကနဲစော၊ နှစ်သိမ့်ဆုရရှိသော ဦးဝေလင်း(ဝေလင်း-သုခုမ) နှင့် တပ်ကြပ်ကြီးဇော်မျိုးထွန်း၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီးဉာဏ်ပိုင်စိုး(စစ်သူ)၊ တတိယဆုရရှိသော တပ်ကြပ်ကြီး ဖုန်းမြင့်၊ နှစ်သိမ့်ဆုရရှိသော ဒေါ်မေသန့်ရွှေ(ငယ်သန့်-သုခုမ)နှင့်ဦးဝေလင်း(ဝေလင်း-သုခုမ)တို့အား ဂုဏ်ပြုဆု၊ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မိုးမြင့်ထွန်းက ကဗျာတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးမိုးအောင်(မောင်မောင်မိုးအောင်)၊ ဒုတိယဆုရရှိသော ဦးအေးဝင်း(မင်းသစ်ဝင်း- ကျောက်တံခါး)၊ တတိယဆုရရှိသော ဦးမြင့်ငွေ(ချမ်းမြဆောင်း-ကလော)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကျော်ကျော်(မနောသစ်-ပခုက္ကူ)၊ ကဗျာရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း)၊ ဒုတိယဆုရရှိသော ဦးမျိုးဌေး (ဝင်းနွယ်-သစ်တော)၊ တတိယဆုရရှိသော ဒေါ်ခိုင်သူဇာဝင်း (ခင်လယ်လယ်ချစ်-မြန်ဂုဏ်)၊ နှစ်သိမ့်ဆုရရှိသော ဗိုလ်မှူးတင်ထွန်း(ငြိမ်း) (မောင်ရင်ငြိမ်း)တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် တပ်မတော်နေ့ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ရဲဝင်းက ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဗိုလ်မှူးကျော်ရဲသိန်း (ကျော်တေဇ-ဥက္ကလာ)၊ ဒုတိယဆုရရှိသော ဗိုလ်မှူးမြင့်ဇော်လင်း(မျိုးချစ်)၊ တတိယဆုရရှိသော ဦးစံရွှေမင်း (ကျော်ဖြိုးလွင်)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး/စာရေးဆရာ မောင်မောင်လွင်(မောင်မောင်လွင်-ရွှေဘိုသား)နှင့် တပ်ကြပ်ဟန်စိုး(ဟန်စိုး-မြစ်ကျိုး)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဗိုလ်ကြီးဇော်ဝင်ဦး (လွတ်လပ်မောင်-ဆိပ်ဖြူ)၊ ဒုတိယဆုရရှိသော ဒေါ်မြင့်မြင့်သိန်း(တက္ကသိုလ်မြမဥ္ဇူ)၊ တတိယဆုရရှိသော ဗိုလ်ကြီးဝင်းထက်(ဝမ်းထက်မိုး-ဇိန့်-အောင်လံ)၊ နှစ်သိမ့်ဆုရရှိသော ဦးအောင်ကျော်မိုး(သင်မိုးနီ)နှင့် ဦးအောင်ကိုကိုဦး (ထက်ဝေအောင်-စစ်ကိုင်း)တို့အား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေး စစ်ချီတေးသီချင်းပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (မြဝတီ)

# စတော့ရှယ်ယာအပေါ် အများပြည်သူစိတ်ဝင်စားမှု မြင့်မားလာ

**ရန်ကုန် မတ် ၂၇**

ရန်ကုန်စတော့အိတ်ချိန်း အစုရှယ်ယာများ စတင်ရောင်းချခဲ့သည့် မတ် ၂၅ ရက်က စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သော FMI ကုမ္ပဏီမှ အစုရှယ်ယာများ စတင်ရောင်းချခဲ့ပြီး စတင်ရောင်းချခဲ့သည့် နေ့တွင်ပင် စိတ်ဝင်စားမှုများ မြင့်တက်ခဲ့ပြီး ရောင်းချရမှုလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

စတော့ရှယ်ယာ စတင်ရောင်းချခဲ့သည့်နေ့တွင် အခြေခံသတ်မှတ်ခဲ့သော ရှယ်ယာတစ်စု တန်ဖိုးငွေကျပ် ၂၆၀၀၀ မှ ငွေကျပ် ၃၁၀၀၀ အထိ တိုးမြှင့်ရောင်းချခဲ့ရပြီး အစုရှယ်ယာပေါင်း တစ်သိန်းကျော် ရောင်းချခဲ့ရကြောင်း သိရသည်။

"စတော့ရှယ်ယာကို စိတ်ဝင်စားတယ်ဆိုတာ တွေ့နိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဈေးကွက်မှာ အိမ်ခြံမြေ၊ ကား၊ ရွှေဈေးကွက်ထက် စတော့ရှယ်ယာပေါ်လာတဲ့အခါ ဒီဘက်ကို စိတ်ဝင်စားလာတာပါ။ ဒါပေမယ့် စတော့ဈေးကွက်က သေချာလေ့လာဖို့တော့ လိုပါလိမ့်မယ်။ စတော့ဈေးကွက် အောင်မြင်အောင် ထိန်းသိမ်းသွားဖို့လည်း လိုအပ်မယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ ပထမဆုံး ရှယ်ယာရောင်းချခွင့်ရခဲ့သည့် FMI ကုမ္ပဏီ၏ အစုရှယ်ယာစတင်ရောင်းချချိန်တွင် အစုရှယ်ယာပေါင်း လေးသောင်းကျော် ရောင်းထွက်ခဲ့ပြီး ညနေပိုင်းတွင် အစုရှယ်ယာပေါင်း ခုနစ်သောင်းကျော် ထပ်မံရောင်းချခဲ့ရ၍ တစ်ရက်တည်းဖြင့် အစုရှယ်ယာ တစ်သိန်းကျော် ရောင်းချခဲ့ရကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ဒီဇင်ဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီခြောက်ခုမှ အစုရှယ်ယာများ စတင် ရောင်းချနိုင်ရန်အတွက် အသေးစိတ်စိစစ်မှုများ ပြုလုပ်ခဲ့ကာ FMI ကုမ္ပဏီမှ စတော့ရှယ်ယာများ စတင်ရောင်းချခဲ့သည်။ ယင်းနောက်တွင် သီလဝါအများပိုင်ကုမ္ပဏီမှ မကြာမီတွင် အစုရှယ်ယာများ ရောင်းချရန် ပြင်ဆင်လျက်ရှိသည်။ အဆိုပါ စာရင်းဝင်ကုမ္ပဏီခြောက်ခု၏ အစုရှယ်ယာများကို အများပြည်သူများအား အရောင်းအဝယ်ပြုလုပ်ခြင်း ဝန်ဆောင်မှုပေးမည့် Securities ကုမ္ပဏီများက ဆောင်ရွက်ပေးလျက်ရှိပြီး စတော့အိတ်ချိန်း စာရင်းရှင်းလင်းရေး ဘဏ်အဖြစ် ကမ္ဘောဇဘဏ်က ဆောင်ရွက်ကြောင်း သိရသည်။ **(၀၀၁)**

ပြည်တွင်းရေးရာ





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ နံနက် ၅ နာရီတွင် စတင်၍ရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်းကြီးဆီသို့ မရောက်ရှိမီ ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းကြီးအတွင်းရှိ သတ်မှတ်နေရာ၌ နေရာယူသည်။



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် (၇၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ယန္တရားတပ်ဖွဲ့များကိုယ်စားပြု အောင်ဆန်းစစ်ကြောင်းသည် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးသန့် ဦးဆောင်၍ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယာဉ်များ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုယာဉ်များ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုယာဉ်များ၊ ယာဉ်တင်ယာဉ် စစ်ရေးပြတပ်ခွဲ(၁)၊ ယာဉ်တင်ယာဉ် စစ်ရေးပြတပ်ခွဲ(၂)နှင့် ယာဉ်တင်ယာဉ် စစ်ရေးပြတပ်ခွဲ(၃)တို့သည် စုရပ်စစ်ရေးပြကွင်းမှ နေပြည်တော်စစ်ရေးပြကွင်းကြီးဆီသို့ စတင်ချီတက်ကြသည်။

ဆက်လက်၍ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး ဦးဆောင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကျော်ဇေယျ ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအေးမင်းထွေး ဦးဆောင်သော ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ခိုင်ဝင်း ဦးဆောင်သော ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမျိုးရန်ပိုင် ဦးဆောင်သော အောင်ဇေယျစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးစောကြည်နိုင် ဦးဆောင်သော ဆင်ဖြူရှင်စစ်ကြောင်းတို့သည် စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ နေပြည်တော်စစ်ရေးပြကွင်းကြီးဆီသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

စစ်ရေးပြစစ်ကြောင်းကြီးများ စုရပ်စစ်ရေးပြကွင်းမှ တပ်မတော်နေ့အခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းကြီးဆီသို့ ချီတက်စဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးတို့မှ အရာရှိ စစ်သည်မိသားစုများ၊ ဒေသခံမိဘပြည်သူများက စစ်ကြောင်းကြီးများ ချီတက်ရာလမ်းတစ်လျှောက်မှ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြကြိုဆိုကြသည်။

စစ်ရေးပြစစ်ကြောင်းကြီးများသည် သတ်မှတ်အစီအစဉ်အတိုင်း ချီတက်စဉ် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

အဆိုပါ(၇၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်မှ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ စွမ်းရည်ဘွဲ့တံဆိပ်ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအသင်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ရောက်ရှိရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ◆

**“ မိမိတို့နိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရာတွင် အဓိကနှောင့်ယှက်ဟန့်တားမှု နစ်ခုမှာ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေကို လေးစားလိုက်နာမှုအားနည်းခြင်းနှင့် လက်နက်ကိုင်သောင်းကျန်းမှုများ ရှိနေခြင်းပင်ဖြစ်၊ ၎င်းတို့သည် ပရမ်းပတာဒီမိုကရေစီကို ဦးတည်သွားစေနိုင် ”**



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

◆ **စာမျက်နှာ ၄ မှ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် မော်တော်ယာဉ်ဖြင့် စစ်ရေးပြစစ်ကြောင်းကြီးများအား စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။ ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ)တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် မိမိတို့ တပ်မတော်နှင့် ပြည်သူလူထုလက်တွဲပြီး ဖက်ဆစ်များကို အမြစ်မြေမှ အပြီးအပိုင် တွန်းလှန်တိုက်ထုတ်ခဲ့သော (၇၁)နှစ်တိုင်ပြီဖြစ်သည့် တပ်မကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် ထူးခြားမွန်မြတ်သည့် ယခုလို နေ့ထူးနေ့မြတ်တွင် သိသင့်သိထိုက်သည်များကို အလေးအနက်မှာကြားသွားမည်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းကြောင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းသည် အမြဲဒွန်တွဲလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ တပ်မတော်ဖြစ်တည်လာမှုများတွင် နိုင်ငံတော်စတင်တည်ထောင်စဉ်ကတစ်ပါတည်း ဖွဲ့စည်းတည်ထောင်ခဲ့သည့်တပ်မတော်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့်တပ်မတော်နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဖွဲ့စည်းတည်ထောင်သည့် တပ်မတော်ဟူ၍ သုံးမျိုးတွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည့်အတွက် သန္ဓေတည်မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်များ နှီးကြားထက်သန်မှုရှိသည့် တပ်မတော်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားဖိနှိပ်ခဲ့သည့် ဖက်ဆစ်တို့ကို ၁၉၄၅ ခုနှစ် မတ် ၂၇ ရက် ယခုလိုနေ့မျိုးတွင် တပ်မတော်နှင့် ပြည်သူလူထုပူးပေါင်း၍ တစ်ခဲနက်အုံကြွတော်လှန်ခဲ့ရာမှ တော်လှန်ရေးနေ့ကြီးပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာ တပ်မတော်များနည်းတူ (ကြည်း၊ရေ၊လေ)တပ်မတော်တစ်ရပ်လုံးနှင့်သက်ဆိုင်သည့် တပ်မတော်နေ့သတ်မှတ်ရန်လိုအပ်လာသည့်အတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အထူးခြားဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်သည့် တော်လှန်ရေးနေ့ကို အထူးဝိသေသပြုသည့်အနေဖြင့် ၁၉၅၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပခဲ့သည့် စစ်ရေးပြအခမ်းအနားမှ စတင်၍ တပ်မတော်နေ့ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး သုံးလမတိုင်မီ အာဏာရ ဖဆပလအစိုးရနှင့် ကွန်မြူနစ်ပါတီတို့ မသင့်မမြတ်ဖြစ်ရာမှ ကွန်မြူနစ်များတောခိုပြီး ပြည်တွင်းဆူပူသောင်းကျန်းမှုများ စတင်ခဲ့ပါကြောင်း။

လွတ်လပ်ရေးရပြီး ၁၀ နှစ်အတွင်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယန္တရားတပ်ဖွဲ့များ ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)



တော်နေ့အခါသမယ ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်နှင့် ပြည်သူ တစ်သားတည်း စည်းလုံးညီညွတ်မှုဆိုသည့်ခွန်အားကို အရင်းတည်ပြီး ဇာတိသွေးဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို ကမ္ဘာသိအောင် ပြသခဲ့သည့် နေ့တစ်နေ့ဖြစ်စည်းလုံးညီညွတ်မှု ပျက်ပြားပြီး အနောက်နိုင်ငံများနှင့်ယှဉ်ပြိုင်နိုင်သည့် ခေတ်မီတပ်မတော် မရှိခဲ့သည့်အတွက် ၁၈၂၄ ခုနှစ်မှစတင်ပြီး နယ်ချဲ့တို့၏ ကျူးကျော်သိမ်းပိုက်မှုကို ခံခဲ့ရကြောင်း၊ မိမိတို့နိုင်ငံကို အတုအယောင်လွတ်လပ်ရေးပေးပြီး ကျွန်ပြုထူးခြားမှုအနေဖြင့် ပြည်တွင်းသောင်းကျန်းမှုများအပြင် နယ်စပ်ဒေသမှ တရုတ်ဖြူကူမင်တန်တို့၏ ပြည်ပကျူးကျော်မှုကို ရင်ဆိုင်ခဲ့ရပြီး အောင်မြင်စွာ တွန်းလှန်ဖယ်ရှားနိုင်ခဲ့ပါကြောင်း၊ ထိုသို့ ပြည်တွင်းသောင်းကျန်းမှုများနှင့် ပြည်ပကျူးကျော်မှုများကို အခက်အခဲ အကျပ်အတည်းမျိုးစုံကြားမှ တစ်ချိန်တည်း တစ်ပြိုင်တည်း တွန်းလှန် တိုက်ခိုက်နိုင်ခဲ့သည့်အတွက် မိမိတို့တပ်မတော်၏ စွမ်းဆောင်ချက်သည် လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ကြောင်း။

၁၉၅၀ ပြည့်လွန်နှစ်များသည် မုန်တိုင်းထန်သည့်ကာလများ ဖြစ်ခဲ့ပြီး အချုပ်အခြာအာဏာတည်တံ့ရေးနှင့် ပြည်ပကျူးကျော်မှု အန္တရာယ်ကာကွယ်ရေးတို့အတွက် တပ်မတော်မှသာ ပင်မ မဏ္ဍိုင်ဖြစ်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများသည် အမျိုးသားရေးကို မျက်ကွယ်ပြုခဲ့ပြီး ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ မာန်မာနအစွဲများကိုသာ ရှေ့တန်းတင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

၁၉၈၀ ပြည့်နှစ်လွန်ကာလများအထိ နိုင်ငံရေးအင်အားစုများသည် မည်သို့မျှ စည်းလုံးညီညွတ်မှုမရှိဘဲ အုပ်စုဖွဲ့မှုများ၊ လက်နက်ကိုင်လမ်းစဉ်ကို ဦးတည်မှုများ၊ အာဏာရပါတီတွင်း သဘောထားကွဲပြားမှုများနှင့် စီမံခန့်ခွဲရေး လွဲချော်မှုများကြောင့် အုပ်ချုပ်ရေးပြဿနာကြီးထွားလာမှုနှင့်အတူ စီးပွားရေးကျဆင်းမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်ပြဿနာများကို အပြည့်အဝ ဖြေရှင်းနိုင်ခြင်း မရှိခဲ့သည့်အတွက် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါကြောင်း။

၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ကာလများတွင် မိမိတို့နိုင်ငံနည်းတူ ဥရောပနှင့် အာဖရိကနိုင်ငံအချို့၌ တစ်ပါတီစနစ်၊ ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်စနစ်များမှ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လှုပ်ရှား ဆောင်ရွက်မှုများရှိခဲ့ပါကြောင်း၊ အများစုမှာ ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ လူမျိုးရေးမုန်းတီးမှုများ ဖြစ်ပွားခြင်း၊ နိုင်ငံပြိုကွဲကာ နိုင်ငံငယ်အများအပြားပေါ်ပေါက်လာခဲ့ခြင်း၊ စီးပွားရေးဆုတ်ယုတ်ကျဆင်း

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ✪



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။ (သတင်းစဉ်)



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဂုဏ်ပြုပန်းကုံးစွပ်၍ ကြိုဆိုစဉ်။ (သတင်းစဉ်)

**“ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို လုံခြုံအောင် ကာကွယ်ရမည်၊ ပြည်သူကို စောင့်ရှောက်ရမည်၊ နိုင်ငံတော်အစိုးရ၏ တိုင်းပြည်တည်ငြိမ်ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ကူညီရမည် ”**

## ပြည်တွင်းရေးရာ

✪ စာမျက်နှာ ၅ မှ

ခြင်းများနှင့် ကြုံတွေ့ခဲ့ကြရကြောင်း။

မိမိတို့နိုင်ငံတွင်လည်း တပ်မတော်အစိုးရတာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်မှစ၍ ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်၍ စနစ်တကျတည်ငြိမ်အေးချမ်းစွာ ပြောင်းလဲခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရာတွင် အဓိကနှောင့်ယှက်ဟန့်တားမှုနှစ်ခုမှာ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ဥပဒေကို လေးစားလိုက်နာမှု အားနည်းခြင်းနှင့် လက်နက်ကိုင်သောင်းကျန်းမှုများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ၎င်းတို့သည် ပရမ်းပတာဒီမိုကရေစီကို ဦးတည်သွားစေနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါ အချက်နှစ်ချက်ကို ပြုပြင်ကျော်လွှားနိုင်မှသာ ဒီမိုကရေစီလမ်းကြောင်းဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းအောင်မြင်စွာ ဖော်ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အလေးအနက် ပြောကြားလိုကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ယခုကဲ့သို့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှ တစ်ဆင့် ဒီမိုကရေစီစနစ် ရှင်သန်သည့် လွှတ်တော်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပါတီစုံဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်သည့်နေရာတွင် ဒွိတာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေလိုပါက ထိုက်တန်သည့် စည်းကမ်းရှိမှုနှင့် ဥပဒေလေးစားလိုက်နာမှု ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်ကို ချစ်မြတ်နိုးပြီး ဖွံ့ဖြိုးတိုးတက်စေလိုလျှင် စည်းလုံးညီညွတ်စွာဖြင့် ကာယ၊ ဉာဏစွမ်းအားရှိသမျှ အလုပ်လုပ်ကြရမည်ဖြစ်ပြီး တိုင်းပြည်အပေါ် သစ္စာရှိကြရမည်ဖြစ်ကြောင်း။

တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုသည် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန်အတွက်သာဖြစ်ကြောင်း၊ အမျိုးသားနိုင်ငံရေးဆိုသည်မှာ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားပြည်သူလူထုအရေးနှင့် နိုင်ငံအရေးပင်ဖြစ်ကြောင်း၊ ပါတီနိုင်ငံရေးမဟုတ်ကြောင်းနှင့် ပြည်သူအများစု၏ဆန္ဒမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ရေးနှင့် ၎င်းတို့ဘဝတိုးတက်ရေးဟူသည့် ကိုယ်စိတ်နှစ်ပါး ချမ်းသာရေးပင်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကို လုံခြုံအောင်ကာကွယ်ရမည်၊ ပြည်သူကို စောင့်ရှောက်ရမည်၊ နိုင်ငံတော်အစိုးရ၏ တိုင်းပြည်တည်ငြိမ်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုများကို ကူညီရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံမူများချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ တည်ငြိမ်ရန် ပြည်သူ၏ဆန္ဒအတိုင်း တိုင်းပြည်ကို လက်ရှိအခြေအနေ အခြေခံကောင်းများရရှိရန် လုပ်ဆောင်ခဲ့ကြသူများဖြစ်သည့်အတွက် ယခုကဲ့သို့အခြေအနေမျိုးမှ ယိမ်းယိုင်သွားစေမည့် ကိစ္စရပ်များ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေပိုင်ဆိုင်မှုများကို ထိပါးစေမည့် ကိစ္စရပ်များနှင့် ပြည်ထောင်စုပြိုကွဲမှုကို ဦးတည်လာမည့်အခြေအနေများကို တပ်မတော်အနေဖြင့် ရောက်ရှိခံမည်မဟုတ်ကြောင်း။

အခြေခံဥပဒေအရ အပ်နှင်းထားသည့် တပ်မတော်၏အမျိုးသားနိုင်ငံရေးတာဝန်များကို လေ့လာကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန်အတွက်သာဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရန်အတွက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသည့်အလျောက် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ရန် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒ(၆)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုသည့် ဆန္ဒရှိရန်လိုအပ်ပြီး စစ်မှန်သည့်ပြည်ထောင်စုစိတ်ဓာတ်နှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ငြိမ်းချမ်းသော နိုင်ငံရေးလမ်းကြောင်းဖြင့် လျှောက်လှမ်းသွားလိုသည့် စိတ်ဓာတ်ရှိလျှင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးလိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည်ဖြစ်ကြောင်း။

**အခြေခံဥပဒေအရ အပ်နှင်းထားသည့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်များကို လေ့လာကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက် အကောင်အထည်ဖော်ရန် အတွက်သာဖြစ်သည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်မည်ဖြစ်**



**တပ်မတော်(ရေ)မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့ (Navy SEALS)မှ အရာရှိစစ်သည်များ။** (သတင်းစဉ်)

မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နိုင်ငံတကာဆက်ဆံရေးသည် အေးချမ်းတည်ငြိမ်မှုကို လိုလားသော်လည်း ပြောင်းလဲတိုးတက်နေသည့် ခေတ်ကာလတွင် နယ်ပယ်အသီးသီး၏ စိန်ခေါ်မှုများသည် စဉ်ဆက်မပြတ်ရှိနေမည်ဖြစ်ကြောင်း၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ခိုင်မြဲစွာလက်တွဲထားရန် လိုအပ်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများ၏ စစ်ရေးစွမ်းရည်တိုးမြှင့်တည်ဆောက်မှု၊ လူဦးရေပေါက်ကွဲမှု၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှင့် ဖြေရှင်းရန်ကျန်နေသေးသည့် နယ်နိမိတ်ပြဿနာများသည် နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကအချက်များဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ လူဦးရေများပြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများအကြားတွင် မဟာဗျူဟာကျသည့် တည်နေရာကိုလည်း ပိုင်ဆိုင်ထားကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ရရှိလာနိုင်မည့် အခွင့်အလမ်းများကို အကျိုးရှိရှိအသုံးချသွားရမည်ဖြစ်သကဲ့သို့ ဖြစ်ပေါ်လာနိုင်သော သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကိုလည်း တိုင်းရင်းသားအားလုံးအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် အတူတကွရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း။

ကာကွယ်ရေးဆိုသည်မှာ ချက်ချင်းဆောင်ရွက်၍မရဘဲ အချိန်ယူပြီး ခိုင်မာအောင် လေ့ကျင့်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းအားမြင့်မားရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအားထက်မြက်ရန်၊ ခေတ်မီစစ်လက်နက်ပစ္စည်းများ တပ်ဆင်ခြင်း၊ ဖွဲ့စည်းခြင်းနှင့် စဉ်ဆက်မပြတ်လေ့ကျင့်ခြင်းများ မရှိမဖြစ်လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးကို ကိုယ်စားပြုသည့်တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ရာတွင် အမျိုးသားအကျိုးစီးပွားအမြင်၊ နိုင်ငံရေးအမြင်၊ အမျိုးသားရေးအသိနှင့် ပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် မိမိတို့တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်အတွက် အခြားသောအဖွဲ့အစည်းများထက် ပိုမိုကျစ်လျစ်ခိုင်မာ၍ စည်းလုံးညီညွတ်မှုရှိရန်လိုအပ်ကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးခိုင်မာမှသာ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယန္တရားတပ်ဖွဲ့များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ ကြိုးကြာအုပ်ဖွဲ့ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် လေးစင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများကို အသီးသီးချိတ်ဆွဲ၍ အစဉ်လိုက်ပျံသန်းကြပြီး တပ်မတော်(ရေ)မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့ ( Navy SEALS)မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ် လေးစင်းပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့ အသီးသီး ဆင်းသက်ကြသည်။

ထို့နောက် တပ်မတော်(လေ)မှ စွန်ရဲအုပ်ဖွဲ့တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းနှင့် အပေါ့စားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် သုံးစင်းတို့က Vic ပုံစံဖြင့်လည်းကောင်း၊ အာကာအုပ်ဖွဲ့ သယ်ယူပို့ဆောင်ရေးလေယာဉ် သုံးစင်းက Vic ပုံစံဖြင့်လည်းကောင်း၊ ရန်နိုင်အုပ်ဖွဲ့ အမောင်းသင်လေယာဉ် ငါးစင်းက Arrow Head ပုံစံဖြင့်လည်းကောင်း၊ ယင်းနောက် အုပ်ဖွဲ့ခွဲလေယာဉ်မှ အလေးပြုခံစင်မြင့်၏ ရှေ့တူရူအရပ်မျက်နှာမှ တစ်ပြိုင်တည်း ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ ရုတ်တရက်ခွဲထွက်၍လည်းကောင်း၊ ရန်အောင်အုပ်ဖွဲ့ ပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် အလတ်စားသယ်ယူပို့ဆောင်ရေး လေယာဉ်နှစ်စင်းတို့က Vic ပုံစံဖြင့်လည်းကောင်း၊ ရန်ရှင်းအုပ်ဖွဲ့ အကြီးစားသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် တိုက်ခိုက်ရေးဂျက်လေယာဉ် လေးစင်းတို့က ရောင်စုံမီးခိုးများထုတ်လွှင့်လျက် Arrow Head ပုံစံဖြင့် လည်းကောင်း၊ သီဟအုပ်ဖွဲ့ ဗုံးကြဲဂျက်လေယာဉ် ငါးစင်းက Arrow Head ပုံစံဖြင့်လည်းကောင်း၊ သူရိန်အုပ်ဖွဲ့ ကြားဖြတ်တိုက်ခိုက်ရေး လေယာဉ်ငါးစင်းက Arrow Head ပုံစံဖြင့်ပျံသန်းပြီး အတွင်းဘက်သုံးစင်းက တစ်ပြိုက်နက် ဘေးလိမ့်ကျွမ်းထိုးပျံသန်း၍လည်းကောင်း၊ ရာဇာအုပ်ဖွဲ့ တိုက်ခိုက်ရေး ဂျက်လေယာဉ်ငါးစင်းက Arrow Head ပုံစံဖြင့် ကွေ့ပတ်ပျံသန်းပြီး ရှေ့တူရူအရပ်မျက်နှာမှ ယပ်တောင်သဏ္ဍာန်ခွဲထွက်ကာ မီးကျည်များပစ်လွှတ်၍လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာပြီး ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မန္တလေး-ပုဂံ ရထားနှစ်စင်း ပြေးဆွဲမည်

**နွားထိုးကြီး မတ် ၂၇**

နှစ်သစ်ဦးအတာသင်္ကြန်ကာလအတွင်း မန္တလေး-ပုဂံ ရထားခြောက်စင်းပြေးဆွဲမှုတွင် လေးစင်းရပ်နားပြီး နှစ်စင်းသာပြေးဆွဲရန်ရှိနေကြောင်း နွားထိုးကြီးဘူတာရုံပိုင်က ပြောသည်။

ပုဂံအမြန်နှင့်မြို့သာ-မြင်းခြံ ခေါက်ပြန်ရထားများ ရပ်နားကြမည်ဖြစ်ပြီး မန္တလေး-ပုဂံ လော်ကယ်ရထားတစ်စင်းတည်းသာ ပြေးဆွဲသွားမည်ဟု ပြောသည်။ RBE ရထားများ သင်္ကြန်တွင်းရပ်နားခြင်းဖြစ်ကြောင်း သိရသည်။

နှစ်စဉ်လည်း အမြန်ရထားနှင့် မြင်းခြံ-မြို့သာရထားများ နားကြောင်း ဒေသခံများက ပြောသည်။ ပုဂံလမ်းတွင် အမြန်ရထား၊ လော်ကယ်ရထား၊ ခေါက်ပြန်ရထား အစုန်၊ အဆန်ရထား ခြောက်စင်းသာပြေးဆွဲကြောင်း သိရသည်။

**(ငွေမြင့်မောင်)**

# (၇၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် တပ်မတော်အငြိမ်းစားအရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြု



(၇၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအား တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုပွဲ ကျင်းပစဉ်။ (မြဝတီ)

**နေပြည်တော် မတ် ၂၇**

(၇၁)နှစ်မြောက်တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဂါရဝပြုသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

အဆိုပါဂါရဝပြုသည့်အခမ်းအနားသို့ တပ်မတော်အငြိမ်းစား အရာရှိကြီး ၃၉ ဦးနှင့် ဇနီး ၁၄ ဦးတို့ ကန်တော့ခံတက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂါရဝပြုကန်တော့ရခြင်းနှင့်ပတ်သက်၍ ယခုအခမ်းအနားသည် တပ်မတော်အကြီးအကဲဟောင်းများကို လက်ရှိတာဝန်ထမ်းဆောင်နေသည့် တပ်မတော်ခေါင်းဆောင်များက ဂါရဝပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့တပ်မတော်အား လက်ရှိအခြေအနေရောက်သည်အထိ တာဝန်ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်အကြီးအကဲဟောင်းများ၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအဖြစ် ရှေ့မှဦးစီးဦးဆောင်ပြုပြီး ပြသခဲ့မှုများကြောင့်ဖြစ်၍ ကျေးဇူးမမေ့ပါကြောင်း၊ တပ်မတော်၏အမိအဖများပင်ဖြစ်၍ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် ပြုစုစောင့်ရှောက်ခွင့်ရသည်ဟုခံယူပါကြောင်း၊ တစ်ရက်စစ်သားဖြစ်ပါက ထာဝရစစ်သားဖြစ်သည်ဆိုသည့်စကားအတိုင်း တပ်မတော်ကို မိမိတို့၏ကျေးဇူးရှင်အဖြစ် တစ်သက်လုံးခံယူသွားမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် နေ့စဉ်ရွတ်ဆိုနေသည့် သစ္စာလေးချက်ကို မပျက်မယွင်းအောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အငြိမ်းစား အရာရှိကြီးများကို တပ်မတော်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တက်ရောက်လာကြသူများက တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော်အငြိမ်းစားအရာရှိကြီးများအား မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဖြင့် ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် တပ်မတော်အငြိမ်းစားအရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်သူရစောဖြူ၊ ဗိုလ်မှူးချုပ် တင့်ဆွေ၊ ဗိုလ်မှူးချုပ် လှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်တို့က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများအတွက် ဆုံးမဩဝါဒနှင့် ဆုမွန်ကောင်းစကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် စစ်မှုထမ်းဟောင်းများအတွက် စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် ဘိုးဘွားရိပ်သာများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်အငြိမ်းစားအရာရှိကြီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ရိုသေစွာ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်၍ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်ကြသည်။

ထို့အတူ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့သည် ဘုရင့်နောင်ရိပ်သာတွင် ခေတ္တတည်းခိုလျက်ရှိသော တပ်မတော်အငြိမ်းစားအရာရှိကြီးများထံ သွားရောက်၍ တစ်ဦးချင်းစီ လိုက်လံတွေ့ဆုံပြီး ခင်မင်ရင်းနှီးစွာဖြင့် ဂါရဝပြုနှုတ်ဆက်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# (၇၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်

**နေပြည်တော် မတ် ၂၇**

(၇၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တပ်စစ်ရေးပြကွင်း၌ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန်ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့် တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်အား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် အောင်ကျော်ဟိုး ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် (၇၁)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေးက စစ်ရေးပြဂုဏ်ပြုဆုရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု အထူးတပ်ဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ သံချပ်ကာ ယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုတပ်ဖွဲ့၊ တပ်မတော်(ကြည်း)(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး)စစ်ရေးပြတပ်ခွဲ၊ အလံကိုင်အဖွဲ့ ဂုဏ်ပြုဆုရရှိသော တပ်မတော်(ကြည်း)(အမျိုးသမီး)အလံကိုင်အဖွဲ့၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့ ဂုဏ်ပြုဆုရရှိသော ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆုရရှိသော အောင်ဇေယျစစ်ကြောင်း ကိုယ်စားပြုအလံကိုင်အဖွဲ့နှင့် စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုရရှိသော ဆင်ဖြူရှင်စစ်ကြောင်း ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❂



တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်မောင်မောင်အေး စစ်ရေးပြဂုဏ်ပြုဆုရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့် စံပြတပ်ခွဲ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြုတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)

# (၇၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသည့် စစ်ကြောင်းကြီးများ မှတ်တမ်းဓာတ်ပုံ



၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ လေကြောင်းချီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ ချီတက်လာစဉ်။ (သတင်းစဉ်)











၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ယန္တရားတပ်ဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့ ချီတက်လာကြစဉ်။ (သတင်းစဉ်)

# (၇၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ချီတက်လာကြသည့် စစ်ကြောင်းကြီးများ မှတ်တမ်းဓာတ်ပုံ







၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ယန္တရားတပ်ဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့ ချီတက်လာကြစဉ်။

(သတင်းစဉ်)











# ဓာတုဗေဒစစ်ဆေးရေးဌာန DNA ဌာနခွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၂၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှတော်ဝင်လမ်းရှိ ဓာတုဗေဒ စစ်ဆေးရေးဌာန DNA ဌာနခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန/လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ မှုခင်းရဲတပ်ဖွဲ့မှူးနှင့် ဓာတုဗေဒဝန်ရုံး ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်ပေးပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများနှင့် တာဝန်ရှိသူများ စုစုပေါင်း အင်အား ၁၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**✱ ကျောဖုံးမှ**

ပြည်သူများ၏ အိမ်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် အစိုးရမြေနေရာများပေါ်တွင် တန်ဖိုးနည်းအိမ်ရာ၊ အငှားအိမ်ရာနှင့် တန်ဖိုးမျှတ အိမ်ရာများကို စီမံကိန်းများရေးဆွဲ ဖော်ထုတ်လျက်ရှိနေသည်။

ရန်ကုန်မြို့တွင် တန်ဖိုးနည်းအိမ်ရာအနေဖြင့် လှိုင်သာယာရွှေလင်ဗန်း တန်ဖိုးနည်းအိမ်ရာ (အနိမ့်ဆုံးဈေးနှုန်း သိန်း ၁၁၀)၊ ဗိုလ်ဗထူးနှင့် ဗိုလ်မင်းရောင် တန်ဖိုးမျှတအိမ်ရာ (အနိမ့်ဆုံးဈေးနှုန်း ကျပ်သိန်း ၂၀၀)၊ ရွှေပြည်သာ တန်ဖိုးနည်းအိမ်ရာ (အနိမ့်ဆုံးဈေးနှုန်း ၁၀၉ သိန်း) တို့ဖြင့် ရောင်းချပေးခဲ့ပြီး အငှားအိမ်ရာများ ချထားပေးခဲ့သော်လည်း နေရာလိုအပ်ချက်ကမူ မြို့ပြတွင် ဆက်လက်ရှိနေဦးမည်ဖြစ်သည်။

မြို့ပြတွင် နေထိုင်သော ပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၂ ခုနှစ် ဧပြီတွင် စင်ကာပူမြို့ပြဒီဇိုင်းအား နမူနာယူ၍ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဧရာဝဏ်နှင့် ရတနာလမ်းမပေါ်တွင် လူပေါင်းတစ်သိန်းခန့် နေထိုင်နိုင်မည့် အထပ်မြင့်အိမ်ရာစီမံကိန်းတစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်က “ဒီစီမံကိန်းက မြန်မာနိုင်ငံသားတွေ လူနေမှု အဆင့်အတန်းမြင့်မားရေးကို ရည်ရွယ်ပြီး စင်ကာပူမြို့ပြဒီဇိုင်းပုံစံမျိုး ဆောင်ရွက်ထားတာပါ။ ကျွန်တော်တို့ အထပ်မြင့်အဆောက်အအုံ စုစုပေါင်း ၄၉ လုံး ဆောက်လုပ်မှာပါ။ အဲဒီ ၄၉ လုံးကို အုပ်စု ၁၁ စု ခွဲပါတယ်။ အဆောက်အအုံက ၁၈ ထပ် အမြင့်ရှိပါမယ်။ အဆောက်အအုံတစ်ခုမှာ အခန်းပေါင်း ၄၀၀ လောက်ပါမှာဆိုတော့ လူ ၂၀၀၀ လောက်အကြမ်းဖျင်းနေနိုင်ပါတယ်။ တိုက်အလုံးပေါင်း ၄၉ လုံးဆိုတော့ လူဦးရေ တစ်သိန်းကျော်လောက်နေနိုင်တဲ့ မြို့ပြအဆောက်အအုံကြီး ဖြစ်သွားပါလိမ့်မယ်”ဟု လက်ရှိဆောင်ရွက်လျက်ရှိသည့် ဧရာဝဏ် ရတနာအထပ်မြင့် စီမံကိန်းနှင့်ပတ်သက်၍ ပြောသည်။

ဧရာဝဏ်၊ ရတနာအထပ်မြင့်စီမံကိန်းသည် ယခုအခါတွင် အခန်းပေါင်း ၂၇၆ ခန်း ပါဝင်သည့် အဆောက်အအုံနှင့် အခန်းပေါင်း ၄၀၀ ပါဝင်သည့် အဆောက်အအုံ စုစုပေါင်း ခြောက်လုံးအား ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

ထို့ကြောင့် မတ် ၁၆ ရက်မှစ၍လျှောက်လွှာများအား စတင်လျှောက်ထားခွင့်ပြု၍ ရောင်းချပေးနေပြီဖြစ်သည်။ ရောင်းချပေးသည့် အခန်းများသည် စတုရန်းပေ ၆၀၀ ရှိသည့်အခန်းများနှင့် စတုရန်းပေ ၁၂၀၀ ရှိသည့် အခန်းများဖြစ်သည်။

“မြို့ပြမှာ များပြားလာတဲ့ လူဦးရေကြောင့် လူနေမှုအဆင့်တစ်ခုကို ပြနိုင်မယ့် အထပ်မြင့်အဆောက်အအုံအိမ်ရာတွေ သမ္မတကြီးက ၂၀၁၂ ခုနှစ် စင်ကာပူခရီးစဉ်သွားပြီးအပြန်မှာ ဖော်ထုတ်ချင်တယ်။ လူတွေနေရေးကို ဖြေရှင်းပေးမယ့် အိမ်ရာတွေ ဖော်ထုတ်ဖို့ များများဆောက်နိုင်ဖို့အတွက် နိုင်ငံတော်ပိုင်မြေနေရာတွေ ရှာဖွေတယ်။ အခု ဒီနေရာတွေက အရင်တုန်းက ပေ ၄၀၊ ပေ ၆၀ အကွက်တွေပဲ ဖော်ထုတ်ရောင်းချတဲ့ မြို့သစ်စီမံကိန်းပါ။ ဆက်လက်မရောင်းတော့ဘဲ ဧက ၂၀၀ လောက်ရှိတဲ့ နေရာမှာ အခုလို အထပ်မြင့်အဆောက်အအုံတွေ ဖော်ထုတ်နေတာပါ”ဟု မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆင့်ဖွံ့ဖြိုးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေးက အိမ်ရာစီမံကိန်း ဖြစ်ပေါ်လာပုံကိုပြောသည်။

ဆက်လက်၍ ဒေါ်စန်းစန်းအေးက “ပေ ၄၀၊ ပေ ၆၀ မှာ အိမ်ဆောက်မယ်၊ မိသားစုနေမယ်ဆိုင်ငါးယောက်လောက်ပဲနေနိုင်မယ်။ အခုလိုအထပ်မြင့်ဆောက်လိုက်တော့ မိသားစုဦးရေအများကြီးနေနိုင်မယ်။ နောက်နိုင်ငံတကာမှာက အထပ်မြင့်ဆောက်တဲ့ နည်းပညာက တိုးတက်နေပြီဆိုတော့ မြန်မာနိုင်ငံအနေနဲ့ အဆင့်မြင့်နည်းပညာကို ရရှိအောင်ရည်ရွယ်တာပါ။ ပထမတုန်းက အထပ် ၃၀ လောက်အထိ ဆောက်လုပ်ဖို့ စဉ်းစားခဲ့ပေမယ့် နောက်ဆုံးမှာတော့ ၁၈ ထပ်ပဲဆောက်ဖို့ ဆုံးဖြတ်ခဲ့တာပါ”ဟု ဆက်လက်ပြောသည်။

ရန်ကုန်မြို့တွင် ပုံမှန် ရှစ်ထပ်၊ ကိုးထပ်များသာ ဆောက်လုပ်လျက်ရှိသော်လည်း ယခုကဲ့သို့ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် စိတ်ချလုံခြုံမှု ရှိစေရန် စင်ကာပူအစိုးရတာဝန်ယူဆောက်လုပ်ခဲ့သည့် HTP အဆောက်အအုံ ပုံစံမျိုးရရှိရန် စင်ကာပူနိုင်ငံ Surbana ကုမ္ပဏီသို့ ဗိသုကာဒီဇိုင်းနှင့် Structure ဒီဇိုင်းများအပ်နှံကာ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းရုံးမှ သိရသည်။

ဧရာဝဏ်၊ ရတနာအထပ်မြင့်စီမံကိန်းအတွက် ၁၈ ထပ်အမြင့်ရှိသည့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငလျင်ဒဏ်ခံနိုင်ရန်အတွက် တွက်ချက်ဆောက်လုပ်ထားခြင်း၊ Precast စနစ်ကိုအသုံးပြုထားခြင်း၊ အလင်းရောင်နှင့် လေဝင်လေထွက် ကောင်းမွန်ခြင်း၊ အဆောက်အအုံတစ်ခုလျှင် ဓာတ်လှေကား လေးစင်းအထိ ထားရှိပေးခြင်း၊ မီးသတ်စနစ်နှင့် အမှိုက်စွန့်ပစ်စနစ်များထားရှိပေးခြင်း၊ အောက်ဆုံးထပ်နှင့် ၁၀ ထပ်တို့တွင် အခန်းများမထားရှိဘဲ စုဝေးဟောပြောရန်နှင့် စုရပ်များ ပြုလုပ်နိုင်ရန် Social area အဖြစ် သတ်မှတ်ပေးထားခြင်းနှင့် ကားပါကင်စနစ်များပါဝင်သည်။

ထို့ပြင် စီမံကိန်းဧရိယာအတွင်း စီးပွားရေးအဆောက်အအုံများ၊ ဆေးရုံ၊ စာသင်ကျောင်း၊ အားကစားကွင်း၊ ဈေးဝယ်စင်တာ၊ ပန်းခြံနှင့် Bus Terminal များ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဦးမောင်မောင်လွင်။



ဒေါ်စန်းစန်းအေး။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်လွင်က “ကျွန်တော်တို့ဦးစီးဌာနပိုင်မြေကို စွန့်လွှတ်ပြီး အများပြည်သူပိုင်မြေအဖြစ် လုပ်ဆောင်မှာပါ။ နောက်ကွန်ဒို ဥပဒေအရ စီစဉ်ပေးပြီး ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။ အဆောက်အအုံတွေအားလုံးပြီးသွားတာနဲ့ ကွန်ဒိုအဆောက်အအုံဖြစ်မှာပါ။ ဒါဆိုဝယ်ယူသူတွေအနေနဲ့ ကွန်ဒိုတိုက်ခန်းကို ပိုင်ဆိုင်နိုင်မှာပါ”ဟု ပြောပြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက် ဇန်နဝါရီ ၂၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်က စုပေါင်းအဆောက်အအုံဆိုင်ရာဥပဒေ (ကွန်ဒိုဥပဒေ)ကို ပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်သည်။

ပြဋ္ဌာန်းလိုက်သော ကွန်ဒိုဥပဒေအရ ကွန်ဒိုနည်းဥပဒေရှိလာပါက ကွန်ဒိုတိုက်ခန်းပိုင်ဆိုင်သူသည် စာချုပ်စာတမ်းမှတ်ပုံတင်ပြီးလျှင် တရားဝင်ပိုင်ဆိုင်မှုရှိ၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဘဏ်များတွင်ပေါင်နှံခြင်း၊ နိုင်ငံခြားသားများအား တရားဝင်ရောင်းချခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်သည်။

မြို့ပြအခြေခံအဆင့်ဖွံ့ဖြိုးရေးဌာနခွဲမှ ဒေါ်စန်းစန်းအေးက “ဒီစီမံကိန်းက မြို့လယ်ကောင်နဲ့ ကိုးမိုင်အကွာမှာရှိတယ်။ ပုံမှန်လာရင် နာရီဝက်၊ ၄၅ မိနစ်အတွင်း ရောက်နိုင်တယ်။ လူနေမှုများပြားလာမှုနဲ့အတူ မြို့တစ်ခုမှာလိုအပ်တဲ့ အင်္ဂါရပ်တွေအားလုံး ထည့်သွင်းပေးထားတယ်။ ရေလမ်းနဲ့ပါသွားလို့ရအောင်စီမံချက်ထဲမှာ ထည့်ထားတယ်။ ဒီစီမံကိန်းက သီလဝါ SEZ နဲ့ဆိုမဝေးဘူး။ နောက်ဒီမှာ ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်ရှိတယ်။ အလုပ်အကိုင်အခွင့်အလမ်းအတွက်လည်း ကောင်းမွန်တယ်။ ရှုခင်းက ၁၈ ထပ်ဆိုတော့ ပင်လယ်တောင်မြင်နိုင်တယ်။ လေကောင်းလေသန့်လည်းရတယ်”ဟုပြောသည်။

လက်ရှိ မတ် ၁၆ ရက်မှစတင်၍ လျှောက်လွှာများဖြင့် ရောင်းချပေးနေသော ဧရာဝဏ်၊ ရတနာအထပ်မြင့်စီမံကိန်းတွင် ရောင်းချမှုပုံစံ သုံးမျိုးပါဝင်မည်ဖြစ်သည်။

(၁) အခန်းတန်ဖိုးအား တစ်ခါတည်းအပြီးပေးချေမည်ဆိုပါက အခန်းတန်ဖိုး၏ ငါးရာခိုင်နှုန်းအား လျှော့ပေးသည့် ပုံစံ။ (၂) လစဉ် ၂၅ သိန်းနှုန်းဖြင့် အခန်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် သိန်း ၃၀၀ အား CHD ဘဏ်တွင် တစ်နှစ်ပေးသွင်း၍ ကျန် ၅၀ ရာခိုင်နှုန်းအား တစ်လလျှင် ငါးသိန်းခန့်ဖြင့် ရှစ်နှစ်တိတိပေးသွင်းနိုင်မည့် ပုံစံ။ (၃) အခန်းတန်ဖိုး၏ ၂၀ ရာခိုင်နှုန်းအား လက်ရှိပေးသွင်းပြီးပါက တစ်နှစ်အတွင်း ကျန်သည့်ငွေအား ဆက်လက်ပေးချေမည့် ပုံစံတို့ဖြင့် ပေးသွင်းနိုင်သည်။

ဒေါ်စန်းစန်းအေးက “လျှောက်လွှာတင်တာနဲ့ ကိုယ်ကြိုက်တဲ့အခန်းကို တစ်ခါတည်းကြည့်ပြီး ဝယ်ယူနိုင်ပါတယ်။ လျှောက်လွှာတင်ပြီး စောင့်နေရတာ မဟုတ်ပါဘူး”ဟု ပြောသည်။

မတ် ၁၆ ရက်မှစတင်၍ ၁၈ ထပ်အမြင့်ရှိသည့် ဧရာဝဏ်၊ ရတနာအဆောက်အအုံများအား ရောင်းချပေးနေရာ မတ် ၂၇ ရက်အထိ အခန်းပေါင်း ၃၈၀ ခန့် ရောင်းချပြီးစီးပြီဖြစ်ကြောင်း၊ ဈေးနှုန်းမှာ ငွေကျပ် သိန်း ၆၀၀၊ သိန်း ၁၂၀၀ တို့ဖြစ်ပြီး လျှောက်လွှာများအား ဗိုလ်အောင်ကျော်လမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး (မြို့ပြနှင့်အိမ်ရာဦးစီးဌာန)၊ ဒဂုံဆိပ်ကမ်းရှိ ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်း(စီမံကိန်းညွှန်ကြားရေးမှူးရုံး)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၄၀) မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)တို့တွင်လည်း ဝယ်ယူနိုင်ကြောင်း ဧရာဝဏ်၊ ရတနာအထပ်မြင့် အိမ်ရာစီမံကိန်းမှ သိရသည်။

ဧရာဝဏ်၊ ရတနာအထပ်မြင့်အိမ်ရာစီမံကိန်းမှ ရောင်းချပေးမည့်အခန်းများ၏ ဈေးနှုန်းနှင့် ပတ်သက်၍ ဒေါ်စန်းစန်းအေးက “ဈေးနှုန်းက အလယ်အလတ်ပါ။ နှစ်ရှည် ငွေပေးချေရမယ့် စနစ်သုံးထားတယ်။ မိသားစုလိုက်ဝင်ငွေရှိတယ်ဆိုရင်တော့ အရစ်ကျဝယ်နိုင်တာပေါ့။ မြို့ပြအဆင့်အတိုင်း အဆင့်မြင့်မြင့်နေနိုင်မှာပါ။ ဒီမှာက အခန်းတွေ အများကြီးပဲ။ ပွဲစားမရှိဘူး။ လိုလည်းမလိုဘူး”ဟုပြောသည်။

Condominium Project များ များပြားလာသည်နှင့်အမျှ နိုင်ငံတကာမှ ဆောက်လုပ်ရေးလုပ်ငန်းများသည်လည်း ပြည်တွင်းသို့ ဝင်ရောက်မှုများရှိလာနေသည်။ စုပေါင်းအဆောက်အအုံဆိုင်ရာဥပဒေ (Condominium Law) ထွက်ရှိလာပြီးနောက် ကွန်ဒိုတိုက်ခန်းဈေးနှုန်းများ တက်လာနိုင်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် အဆင့်အတန်းပြည့်မီစွာ နေထိုင်လာနိုင်တော့မည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့ကမူ စက်မှုဇုန်များတည်ရှိပြီး သီလဝါ အထူးစီးပွားရေးဇုန်နှင့် နီးကပ်လျက်ရှိသည် ဒဂုံတောင်ဆိပ်ကမ်းမြို့နယ်တွင် အိမ်ရာအမြောက်အမြား ဖော်ဆောင်လျက်ရှိပြီး အဆိုပါနေရာများသည် ဝယ်လိုအားကောင်းလာနိုင်သည်ဟု သုံးသပ်သည်။

**❂ စာမျက်နှာ ၇ မှ**

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးက အကောင်းဆုံးစခန်း တတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အကောင်းဆုံးစခန်းဒုတိယဆုရရှိသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ဒုတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ ၊လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က အကောင်းဆုံးစခန်းပထမဆုရရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်း အကောင်းဆုံး ပထမဆုရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ စံပြတပ်ခွဲ တတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲနှင့် စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# အီရတ်အား အကူအညီပေးနိုင်ရန် ရည်ရွယ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘဂ္ဂဒက်သို့ရောက်ရှိ



**ဘဂ္ဂဒက် မတ် ၂၇**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ မတ် ၂၆ ရက်တွင် ရောက်ရှိလာခဲ့ကြောင်း၊ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်တွေ့ကြုံနေရပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို ချေမှုန်းတိုက်ထုတ်နိုင်ရန် ကြိုးပမ်းနေရသော အီရတ်အစိုးရအဖွဲ့အား နိုင်ငံတကာအသိုက်အဝန်းက ထောက်ခံအားပေးမှုကို ဖော်ကျူးသည့် ခရီးစဉ်အဖြစ် ဘန်ကီမွန်း လာရောက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်သို့ ဆိုက်ရောက်လာသော ဘန်ကီမွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အီရတ်နိုင်ငံခြားရေးဝန်ကြီး အီဘရာဟင် အယ်ဂျက်ဖရီက ကြိုဆိုနှုတ်ခွန်းဆက်ခဲ့သည်။ ဘန်ကီမွန်းနှင့်အတူ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဂျင်ယောင်ကင်နှင့် အစ္စလာမ့်ဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ အာမက်အယ်လ် မဒါနီတို့ အတူလိုက်ပါလာခဲ့ကြသည်။

ဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီ၏ရုံးသို့ မသွားမီ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အိုင်အက်စ်အဖွဲ့ကို ချေမှုန်းတိုက်ခိုက်နေသော အီရတ်အစိုးရအဖွဲ့ကို အကူအညီပေးနိုင်ရန်နှင့် စီးပွားရေးပြဿနာများမှ အီရတ်နိုင်ငံ ကျော်လွှားနိုင်ရေးအတွက် အကူအညီပေးရန် ရည်ရွယ်လျက် မိမိတို့ ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလာခြင်းဖြစ်ကြောင်း အဘာဒီနှင့်ဆွေးနွေးပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အထက်တန်းတာဝန်ရှိသူများက ပြောကြားကြသည်။

**ဆင်ဟွာ။**



# ဆီးရီးယား အစိုးရတပ်ဖွဲ့ ပယ်မီယာမြို့ကိုပြန်လည်သိမ်းပိုက်နိုင်

**ဒမတ်စကတ် မတ် ၂၇**

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် ရုရှား၏ လေကြောင်းပစ်ကူပေးမှုနှင့်အတူ ရှေးဟောင်းမြို့ကြီးဖြစ်သော ပယ်မီယာမြို့တွင်းမှ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို မောင်းထုတ်နိုင်ခဲ့ပြီး ယင်းမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုင်အက်စ်အဖွဲ့ကို အပြင်းအထန် ထိုးစစ်ဆင်တိုက်ခိုက်မှု ပြုလုပ်နေသော ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် ပယ်မီယာမြို့အတွင်းသို့ မတ် ၂၆ ရက်တွင် ထိုးဖောက်ဝင်ရောက်လာနိုင်ခဲ့သည်။

ပယ်မီယာမြို့အတွင်း၌ ပေါက်ကွဲသံများ ပေါ်ထွက်ခဲ့ပြီး အဆောက်အအုံများမှ မီးခိုးများအူထွက်နေပုံကို ရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်ပြသသည်။

ဆီးရီးယား ကြည်းတပ် တပ်ဖွဲ့ဝင်များနှင့် မဟာမိတ်ပြုထားသော ပြည်သူ့စစ်တပ်ဖွဲ့များသည် ရက်သတ္တသုံးပတ်ကြာ ကာလအတွင်း အကြီးကျယ်ဆုံးသော ထိုးစစ်ဆင်တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ပယ်မီယာမြို့ကို ဆီးရီးယားတပ်ဖွဲ့ဝင်များက ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း အဆိုပါ အဖွဲ့ကပြောကြားသည်။

ရှေးဟောင်းမြို့တော် တစ်ခုဖြစ်သော ပယ်မီယာမြို့အား အိုင်အက်စ်ထံမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ခြင်းသည် ၎င်းအကြမ်းဖက်အဖွဲ့ပြိုကွဲရန် အစပျိုးခြင်းဖြစ်သည်ဟု ဆီးရီးယားတပ်မတော် ကွပ်ကဲရေးဌာနချုပ်က ပြောကြားကြောင်း ဆာနာသတင်းအေဂျင်စီ၏ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပယ်မီယာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ခြင်းအားဖြင့် အိုင်အက်စ်အဖွဲ့ဝင်တွေရဲ့ စိတ်ဓာတ်ကို ရိုက်ချိုးပြီး ၎င်းတို့၏ ဆုံးရှုံးခြင်းနှင့်ပြိုလဲခြင်းကို အစပျိုးစေခဲ့ကြောင်း ဆီးရီးယားတပ်မတော်၏ ကြေညာချက်တွင် ဖော်ပြသည်။

'ဒီအချက်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ရဲ့တပ်ဖွဲ့တွေဟာ မိတ်ဆွေတွေနဲ့ ပူးပေါင်းပြီး အကြမ်းဖက်ဝါဒကို ဖျက်ဆီးချေမှုန်းနိုင်တဲ့စွမ်းပကားတွေရှိတာကို ပြသလိုက်တာပါပဲ'ဟု ဆီးရီးယားတပ်မတော်က ပြောကြားသည်။ ၎င်းမြို့အား သိမ်းပိုက်ရာတွင် ရုရှားနှင့်ဆီးရီးယားလေတပ်ဖွဲ့များ၏ အကူအညီကိုလည်းရယူခဲ့ရကြောင်းသိရသည်။ အိုင်အက်စ်တပ်ဖွဲ့ဝင် ၄၀၀ကျော်အား အဆိုပါတိုက်ပွဲတွင် သုတ်သင်နိုင်ခဲ့ကြောင်း ယူကေအခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ဆိုသည်။

ဆီးရီးယားစစ်ဘက်မှ ဆင်ဟွာသတင်းဌာနအား ပြောကြားရာတွင် အိုင်အက်စ်တပ်ဖွဲ့များသည် ဟုမ်းပြည်နယ်အရှေ့ပိုင်း ဆူနတ်မြို့သို့ ဦးတည်ဆုတ်ခွာသွားကြကြောင်း သိရသည်။ ပယ်မီယာမြို့တွင် မြေမြှုပ်မိုင်းဗုံးများရှိနေသဖြင့် မိုင်းရှင်းလင်းရေးတပ်ဖွဲ့များက ရှင်းလင်းနေကြောင်း သိရသည်။

**ဆင်ဟွာ။**

# နျူကလီးယားလုံခြုံရေး ထိပ်သီးအထူးအစည်းအဝေး မတ် ၃၁ ရက်တွင် ကျင်းပမည်

**ဝါရှင်တန် မတ် ၂၇**

နျူကလီးယားလုံခြုံရေး ထိပ်သီးအထူးအစည်းအဝေးတစ်ရပ်ကို ဝါရှင်တန်မြို့၌ မတ် ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဒေသန္တရသတင်းများအရသိရသည်။

နှစ်ရက်ကြာကျင်းပမည့် နျူကလီးယားလုံခြုံရေး ထိပ်သီးအထူးအစည်းအဝေးတွင် ကမ္ဘာ့ခေါင်းဆောင်များက အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အရာရှိများက မီဒီယာသို့ပြောကြားသည်။

အမေရိကန်သမ္မတဘာရက်အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ ခေါင်းဆောင်များက ယင်းထိပ်သီးအစည်းအဝေးကို တက်ရောက်ကြမည်ဖြစ်သည်။ အစည်းအဝေးအစီအစဉ်အရ နျူကလီးယားလက်နက်များ အသုံးပြုပြီး အကြမ်းဖက်မှုများကျူးလွန်ခြင်းကို ကာကွယ်ရာတွင် ထိရောက်မှုရှိသည့် နည်းလမ်းကောင်းများရရှိရန်အတွက် နိုင်ငံ့ခေါင်းဆောင်များက တိုင်ပင်ဆွေးနွေးကြမည်ဖြစ်သည်။

ဘယ်ဂျီယံနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုပြီးနောက် အဆိုပါ ထိပ်သီးအထူးအစည်းအဝေးကို ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ယင်းအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက အကြမ်းဖက်မှုများအား ကာကွယ်ရန်နှင့်အိုင်အက်စ် စစ်သွေးကြွများအပါအဝင် အခြားသောအကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။ အဆိုပါထိပ်သီးအထူးအစည်းအဝေးပြီးနောက် သမ္မတအိုဘားမား၊ ဝန်ကြီးချုပ် အာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးတို့က သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သမ္မတအိုဘားမားက တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံပြီး မကြာသေးမီက ပြုံယမ်း၏ နျူကလီးယားလက်နက်စမ်းသပ်မှုအပါအဝင် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# ပါကစ္စတန်သို့စွမ်းအင်ထောက်ပံ့ပေးမည့်ဓာတ်ငွေ့ပိုက်လိုင်း မကြာမီဖွင့်လှစ်မည်ဟု အီရန်သမ္မတပြော

**အစ္စလာမ္မာဘတ် မတ် ၂၇**

ပါကစ္စတန်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်ပေးမည့် ပိုက်လိုင်း၏ အီရန်နိုင်ငံဘက်ခြမ်း တည်ဆောက်ရေးလုပ်ငန်းမှာ ပြီးစီးခဲ့ပြီဖြစ်ရာ လအနည်းငယ်အတွင်း ဓာတ်ငွေ့တင်ပို့မှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း အစ္စလာမ္မာဘတ်သို့ ရောက်ရှိနေသော သမ္မတဟာဆန်ရူဟာနီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသို့ နှစ်ရက်ကြာ ရောက်ရှိနေသော အီရန်သမ္မတ ရူဟာနီသည် မတ် ၂၆ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

သမ္မတ ရူဟာနီသည် စွမ်းအင်လိုအပ်ချက် ကြီးမားနေသော ပါကစ္စတန်နိုင်ငံသို့ စွမ်းအင်ထောက်ပံ့ပေးရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံဆက်သွယ်သော သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုလုပ်ငန်း အမြန်ဆုံးပြီးစီးရေး ကိစ္စတို့ကို အဓိကပြု ဆွေးနွေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ငြိမ်းချမ်းရေး ပိုက်လိုင်းဟူ၍ တင်စားခေါ်ဝေါ် သုံးနှုန်းသော ယင်းပိုက်လိုင်းသည် ဒေါ်လာ ၇ ဘီလီယံ ရင်းနှီးမြှုပ်နှံသည့် စွမ်းအင်စီမံကိန်းတစ်ရပ်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်ရေးတွင် နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့သည်။

အီရန်နိုင်ငံရှိ ပါးစ်ဒေသတောင်ပိုင်း သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ကို ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချရေး စီမံကိန်းမှာ ၁၉၉၀ ပြည့်လွန်နှစ်များကပင် အစပျိုးခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်ရေးတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။




အိန္ဒိယနိုင်ငံသည် အဆိုပါ စီမံကိန်းမှ ၂၀၀၉ ခုနှစ်တွင် ရုပ်သိမ်းထွက်ခွာခဲ့သည်။ စရိတ်စက ကြီးလေးခြင်းနှင့် လုံခြုံရေး အခြေအနေတို့အရ စီမံကိန်းတွင် ဆက်လက်ပါဝင်ခြင်း မပြုတော့ရန် အိန္ဒိယနိုင်ငံက ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

# ပရိသတ်ကို တောင်းပန်ခဲ့တဲ့ အဒဲလ်

ဗြိတိန်ပေါ့ပ်အဆိုတော် အဒဲလ်က သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် “25” ရဲ့ နယ်လှည့်ဖျော်ဖြေရေး ပွဲစဉ်တွေကို ပြုလုပ်လျက်ရှိရာ မကြာသေးမီက ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲတစ်ခုအတွင်း ပရိသတ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့အတွက် တောင်းပန်စကားဆိုခဲ့ကြောင်း ဖောက်စ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က စကော့ထ်တလန်မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာ ပရိသတ်တစ်ဦးရဲ့ အပေါ်ကို ချိန်းကြိုးပြုတ်ကျခဲ့တာမို့ ဒဏ်ရာအနည်းငယ် ရသွားခဲ့တဲ့အတွက် အဒဲလ်က ပြန်လည်တောင်းပန်ခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ပြီးအဒဲလ်က ယခုလို အဖြစ်အပျက်မျိုး ထပ်မံမဖြစ်ပွားစေဖို့ စုံစမ်းမှုတွေ ပြုလုပ်နေကြောင်းလည်း ဆိုပါတယ်။

အေးပြည့်
စုစည်းရေးသားသည်

# ကျူးဘားမှာအောင်ပွဲဆင်နိုင်ခဲ့တဲ့ “Rolling Stones”



အမေရိကန်နိုင်ငံရဲ့ အောင်မြင်တဲ့တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Rolling Stones”ဟာ ကျူးဘားနိုင်ငံမှာ သွားရောက်ဖျော်ဖြေခဲ့ရာ ပြီးခဲ့တဲ့သောကြာနေ့က ပြုလုပ်ခဲ့တဲ့ဖျော်ဖြေပွဲမှာ ကျူးဘားနိုင်ငံသားပရိသတ်တွေနဲ့ အခြားသောနိုင်ငံခြားခရီးသွားဧည့်သည် ထောင်ပေါင်းများစွာ လာရောက်အားပေးခဲ့ပါတယ်။ ယခင်က ကျူးဘားနိုင်ငံမှာ ဂီတဖျော်ဖြေပွဲတွေကျင်းပခွင့်ကို ပိတ်ပင်ထားခဲ့တာဖြစ်ပေမယ့် ပရိသတ်တွေများစွာ လာရောက်အားပေးခဲ့တာမို့ အဆိုပါတေးဂီတအဖွဲ့ရဲ့ဖျော်ဖြေပွဲဟာတော့ အောင်မြင်မှုသမိုင်းသစ်တစ်ခုစိုက်ထူနိုင်ခဲ့ကြောင်း ဖောက်စ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ ဖျော်ဖြေပွဲမှာ “ Rolling Stones” တေးဂီတအဖွဲ့ဟာ ရော့ခ်ကန်ရိုးတေးသီချင်းအမျိုးအစားတွေနဲ့ ဖျော်ဖြေခဲ့ပြီး ယင်းဖျော်ဖြေပွဲဟာ အခမဲ့ဖျော်ဖြေပွဲတစ်ခုဖြစ်ကြောင်းလည်း သိရပါတယ်။

ကျူးဘားနိုင်ငံရဲ့မြို့တော် ဟာဗန်းနားမှာ ကျင်းပခဲ့တဲ့ အဆိုပါတေးဂီတဖျော်ဖြေပွဲဟာ အဖွဲ့ရဲ့ လက်တင်အမေရိကန် နယ်လှည့်ဖျော်ဖြေပွဲ “Ole”ရဲ့ ဖျော်ဖြေရေး အစီအစဉ်တွေအနက် တစ်ခုအပါအဝင် ဖြစ်ပါတယ်။

# အဆိုဒိုင်တစ်ဦးအဖြစ် တွေ့မြင်ရတော့မယ့် မိုင်လီဆိုင်းရပ်စ်



အမေရိကန်ပေါ့ပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်ဟာ NBC ရုပ်သံလိုင်းက ပြုလုပ်ပေးလျက်ရှိတဲ့ “The Voice”သီချင်းဆိုပြိုင်ပွဲရဲ့ လာမယ့်ရာသီဖြစ်တဲ့ ၁၁ ခုမြောက်ရာသီရဲ့ ပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း အမ်တီဗွီနယူးစ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ ယခင်က ဒိုင်တစ်ဦးအဖြစ်ဆောင်ရွက်ပေးနေခဲ့တဲ့ အဆိုတော်ဂွမ်စတက်ဖန်နီရဲ့နေရာမှာ အစားထိုးဝင်ရောက်ဆောင်ရွက်ပေးတာဖြစ်ပြီး ယင်းပြိုင်ပွဲကြီးရဲ့ အခြားသောအကဲဖြတ်ဒိုင်တွေကတော့ အဒမ်လက်ဗင်း၊ ဘလိတ်ခ်ရှယ်လ်တန်နဲ့ ဖါရယ်လ်ဝီလီယမ်တို့ပဲ ဖြစ်ကြပါတယ်။

အဆိုပါ သတင်းနဲ့ပတ်သက်ပြီး မိုင်လီဆိုင်းရပ်စ်ကိုယ်တိုင်ကလည်း ပြီးခဲ့တဲ့ သောကြာနေ့က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် အတည်ပြုပြောကြားခဲ့ပါတယ်။ ဒါ့အပြင်သူက ယခုလိုဒိုင်အဖြစ်ဆောင်ရွက်ခွင့်ရခဲ့တဲ့အတွက် စိတ်လှုပ်ရှားပျော်ရွှင်မိကြောင်းနဲ့ ယင်းပြိုင်ပွဲကျင်းပမယ့်နေ့ကို မစောင့်နိုင်တော့လောက်အောင် ခံစားနေရကြောင်းလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ပါတယ်။



# ကမ္ဘာ့ရေနေ့အတွက် ဝမ်သန်း ၅၀ လှူဒါန်းခဲ့တဲ့ လီမင်ဟို

တောင်ကိုရီးယားထိပ်တန်းမင်းသား လီမင်ဟိုက ပြီးခဲ့တဲ့ မတ် ၂၂ ရက်မှာ ကျရောက်ခဲ့တဲ့ ကမ္ဘာ့ရေနေ့အထိမ်းအမှတ်အဖြစ် ကမ္ဘာတစ်ဝန်းက ကလေးငယ်တွေအတွက် သန့်ရှင်းတဲ့သောက်သုံးရေရရှိရေးကို ရည်ရွယ်ကာ တောင်ကိုရီးယားဝမ် သန်း ၅၀ ကို ယူနီဆက်ကနေတစ်ဆင့်လှူဒါန်းခဲ့တယ်လို့ ဟန်စင်းနီးမားဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

လီမင်ဟိုနဲ့ သူ့ရဲ့ပရိသတ်တွေတည်ထောင်ထားတဲ့ဖောင်ဒေးရှင်းတစ်ခုဖြစ်တဲ့ Promiz က ကောက်ခံရရှိခဲ့တဲ့အလှူငွေကို ယခုလိုလှူဒါန်းခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ လီမင်ဟိုဟာ Promiz ကို ၂၀၁၄ ခုနှစ် မတ်လက စတင်တည်ထောင်ခဲ့တာဖြစ်ပြီး လီမင်ဟိုနဲ့ သူ့ကိုအားပေးတဲ့ပရိသတ်တွေက အလှူငွေတွေထည့်ဝင်ကြကာ လိုအပ်တဲ့နေရာတွေကို လှူဒါန်းခဲ့ကြတာဖြစ်ပါတယ်။

လီမင်ဟိုက “ဒီလိုအမှန်တကယ်လိုအပ်နေတဲ့သူတွေကို ချစ်ခြင်းမေတ္တာတွေမျှဝေပေးပြီး ပိုမိုကောင်းမွန်တဲ့ဘဝတွေကိုပိုင်ဆိုင်ဖို့ ထောက်ပံ့ပေးတာဟာ ကျွန်တော်လုပ်နိုင်တဲ့၊ လုပ်လည်းလုပ်သင့်တဲ့အရာလို့ ကျွန်တော်အမြဲယုံကြည်ထားပါတယ်။ ယူနီဆက်ရဲ့ရည်ရွယ်ချက်တစ်ခုဖြစ်တဲ့ ကလေးများသန့်ရှင်းတဲ့သောက်သုံးရေရရှိရေးအတွက် ကျွန်တော်တတ်နိုင်သလောက်အကောင်းဆုံးကြိုးပမ်းသွားမှာပါ”လို့ သူ့ရဲ့အလှူနဲ့ပတ်သက်ပြီး ပြောကြားသွားခဲ့ပါတယ်။



# Vevo ရဲ့ စံချိန်ကို ချိုးဖျက်လိုက်တဲ့ ဂျက်စတင်ဘီဘာ

ကနေဒါနိုင်ငံသားပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာရဲ့တေးသီချင်းတွေဟာ Vevoရဲ့တေးဂီတဝက်ဘ်ဆိုက်ပေါ်မှာ ကြည့်ရှုသူအများဆုံးဖြစ်ခဲ့ပြီး စံချိန်သစ်တစ်ရပ်တင်နိုင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။ ဂျက်စတင်ဘီဘာဟာ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့တေးအယ်လ်ဘမ် “Purpose”ကို စတင်ထုတ်လွှင့်ခဲ့တဲ့အချိန်ကစပြီး အွန်လိုင်းပေါ်က တေးဂီတဝက်ဘ်ဆိုက်တွေမှာ ထိပ်ဆုံးကရပ်တည်နေခဲ့ကာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းတွေကို ကြည့်ရှုသူ ၁၀ ဘီလီယံကျော်ရှိသွားပြီဖြစ်ကာ ခြောက်နှစ်အတွင်း ကြည့်ရှုသူ ၁၀ ဘီလီယံကျော်ရှိခဲ့တဲ့ ပထမဦးဆုံးသော တေးသံရှင်ဖြစ်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ နိုဝင်ဘာလအတွင်းကစတင်ပြီး ဂျက်စတင်ဘီဘာဟာ Vevo ရဲ့တေးဂီတဝက်ဘ်ဆိုက်ပေါ်မှာ ထိပ်ဆုံးနေရာမှာ ရပ်တည်ခဲ့ပါတယ်။ “Purpose”တေးအယ်လ်ဘမ်ကို ထုတ်လွှင့်ပြီးတဲ့နောက်မှာတော့ နောက်ထပ်ကြည့်ရှုသူ လေးဘီလီယံကျော်ထပ်မံရရှိခဲ့ပြီး ယခုလိုစံချိန်ချိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျက်စတင်ဘီဘာရဲ့ ၂၀၁၀ ခုနှစ်က ထုတ်လွှင့်ခဲ့တဲ့ “Baby”တေးသီချင်းရဲ့တေးဗီဒီယိုကို ကြည့်ရှုသူ ၁ ဒသမ ၃ ဘီလီယံရှိခဲ့ပြီး မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့တေးသီချင်းတွေအနက် “Sorry”ကို ကြည့်ရှုသူ ၁ ဒသမ ၁ ဘီလီယံရှိခဲ့ကာ “What Do You Mean?” တေးသီချင်းကိုတော့ ကြည့်ရှုသူ တစ်ဘီလီယံခန့်ရှိခဲ့ကြောင်း သိရပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၈ - ၃ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၃၀ ပြည်သူ့နီတိ
“ကျေးဇူးပဲ လောကကြီးရေ”
၆း၅၀ တေးဂီတအစီအစဉ်
၇း၁၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
“လျှို့ဝှက်သော ပုစ္ဆာ”
(အပိုင်း-၁၀)
၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
“အချစ်စစ်ရဲ့ အလှတရား”
(အပိုင်း-၁၀)
၈း၃၀ ကာတွန်းအစီအစဉ်
“BEN 10 ALIEN FORCE”
(အပိုင်း-၂၀)
၉း၀၀ တေးဂီတအစီအစဉ်
၉း၂၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၁၀း၀၀ မြန်မာ့ဗီဒီယိုဇာတ်လမ်း
“လှပသော ဝဋ်”
၁၂း၀၀ အစီအစဉ်ပြီး၏

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၆း၄၀ “ဒေါက်တာအရှင်ကုမာရ ဘိဝံသ”
(ဗန်းမော်ဆရာတော်)
ဟောကြားတော်မူသော
တရားတော်
၇း၅၀ သီလရှင် ဆရာကြီးဆရာလေးအပါး
(၁၀၀၀)တို့အား
သီလရှင်ဝတ်စုံလှူဒါန်းပွဲ
အခမ်းအနား
၈း၀၀ “မင်္ဂလာပါ”
The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အိမ်ရှင်မတို့ချစ်စကား”
(အပိုင်း-၆၂)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အနုပညာမိုးကောင်းကင်
၁၁း၂၅ သွားမယ် စားမယ်
(Breeze Bar)
၁၁း၅၅ Forever Music Tribute
ထူးအိမ်သင် (အပိုင်း-၅)
(ပထမပိုင်း)
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ဂန္ထဝင်ကုန်သည်”
(အပိုင်း-၄၂)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“မေတ္တာအသည်းမွှာ”
(အပိုင်း-၄၈)
၄း၁၀ ကြိုတင်ပြင်ဆင်
အကယ်ဒမီပွဲတက်ဖက်ရှင်
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ထာဝရချစ်သူသည်သာ”
(အပိုင်း-၁၆)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“မေတ္တာအသည်းမွှာ”
(အပိုင်း-၄၉)
၈း၂၀ Drive It
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အိမ်ရှင်မတို့ချစ်စကား”
(အပိုင်း-၆၃)
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“ဂန္ထဝင်ကုန်သည်”
(အပိုင်း-၄၃)
၁၀း၁၀ အနုပညာမိုးကောင်းကင်
၁၀း၃၀ MRTV-4 Stage
၁၁း၀၀ World of Knowledge
(Inside the American
Mob-Operation Donnie
Brasco)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၆း၁၆ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနှားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၅ ရွှေဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီ
နိုင်ငံတော်သစ်ဆီ
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၃၅ ဇာတ်လမ်းတို
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မင်းသမီးနဲ့ကျွန်တော်
အပိုင်း(၇)
၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အရုဏ်ဦးရဲ့ချစ်ပန်းသခင်
အပိုင်း(၆)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သူတို့ စိတ်ဝမ်းအေးချမ်းပါစေ
(အပိုင်း-၁၅)
- ကြယ်ကလေးတို့ရဲ့
ဂီတမိုးကောင်းကင်
- မေးမြန်းစူးစမ်း
- ယနေ့ညအတွက်
မြဝတီ၏တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဟိုတယ်ဘုရင်
(အပိုင်း-၁၄)

## mitv

07:27 Myanmar Delicate Artistic Handy Creations-
The Making Procedure Of Goldsmith
07:43 Welcome to the Southern most part of Myanmar
08:26 A Novitiation Ceremony in a Rural Township
08:51 A Traditional Doctor
09:26 A Tour In South Korea (Part- IV)
09:38 A Tea Business: Pankwan (Part-1)
10:26 Home Grown Treasure (Part-1)
10:47 Home Grown Treasure (Part-2)
07:27 Food Trip (Ep-5) (Part-1)
07:48 Creative Costume of Kayah Nationals
08:26 Taste Of Myanmar (Papaya Salad)
08:44 Now in Yangon
08:50 Director: Kyi Phyu Shin

# ဂျာမနီမြေမှာ နှစ်ဂိုးပြတ်ရှုံးနိမ့်နေရာမှ ပြန်လည်အနိုင်ကစားပြတဲ့ အင်္ဂလန်



ဥရောပခြေစမ်းပွဲတွေထဲမှာ ပရိသတ်စိတ်အဝင်စားဆုံး ပွဲစဉ်တွေထဲက တစ်ပွဲဖြစ်တဲ့ လက်ရှိကမ္ဘာ့ချန်ပီယံ ဂျာမနီအသင်းနဲ့ အင်္ဂလန်အသင်းတို့ အားပြိုင်ခဲ့တဲ့ပွဲမှာ အင်္ဂလန်အသင်းက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ နှစ်သင်းစလုံးက ၄-၂-၃-၁ပုံစံနဲ့ ပွဲထွက်ခဲ့ပြီး တိုက်စစ်ဖွင့်ကစားခဲ့တာကြောင့် ကြည့်ကောင်းတဲ့ပွဲစဉ်တစ်ပွဲ ဖြစ်ခဲ့ပါတယ်။

ဂျာမနီရဲ့တိုက်စစ်ပိုင်းကို ဝါရင့်တိုက်စစ်မှူး မာရီယိုဂိုးမက်ဇ်၊ မူလာ၊ မာကိုရူးစ်နဲ့ အိုဇေးလ်တို့က ဦးဆောင်ကစားခဲ့ပြီး ကွင်းလယ်မှာ တိုနီခရူးစ်နဲ့ ခီဒီရာတို့ရဲ့အားနဲ့ အင်္ဂလန်ကိုရင်ဆိုင်ခဲ့ပါတယ်။ အင်္ဂလန်အသင်းကတော့ ဗဟိုတိုက်စစ်နေရာမှာ ဟယ်ရီကိန်း၊ ကွင်းလယ်ဖန်တီးရှင်အဖြစ် ဒယ်လီအယ်လီ၊ တောင်ပံတိုက်စစ်မှာ ဝဲလ်ဘတ်နဲ့ လယ်လာနာတို့ကို အထိုင်ချကစားစေခဲ့ပါတယ်။

ဂျာမနီရဲ့ လျင်မြန်တဲ့တိုက်စစ်ကြောင့် ပွဲချိန် ၄၃ မိနစ်နဲ့ ၅၇ မိနစ်တို့မှာ တိုနီခရူးစ်နဲ့ ဂိုးမက်ဇ်တို့က ဦးဆောင်ဂိုးတွေကို ဆက်တိုက်ဆိုသလို သွင်းယူနိုင်ခဲ့ပါတယ်။ ဦးဆောင်ဂိုးနှစ်ဂိုးရပြီးနောက် ဂျာမနီဟာ ကစားအားအနည်းငယ်ချခဲ့တဲ့အတွက် တိုက်စစ်မြှင့်တင်လာတဲ့ အင်္ဂလန်ကို ဂိုးတွေပြန်ပေးခဲ့ရတာပါ။ ဒါ့အပြင် ဂျာမနီနည်းပြဂျိုအားချင်လိုက ရူးစ်နေရာ ရှာလီ၊ မူလာနေရာမှာ ပိုဒေါစကီးတို့ကို လူစားလဲခဲ့တာကလည်း အင်္ဂလန်ကို အခွင့်အရေးပေးလိုက်သလို ဖြစ်သွားစေခဲ့ပါတယ်။ ဒါကြောင့် ဟယ်ရီကိန်းက ပွဲချိန် ၆၁ မိနစ်မှာ ပထမချေပဂိုးသွင်းပြီးနောက် ကိန်းနေရာအစားဝင်လာတဲ့ ဗာဒီက ဒုတိယချေပဂိုးပြန်သွင်းနိုင်ခဲ့လို့ နှစ်ဂိုးစီသရေ ဖြစ်နေပါတယ်။

ချေပဂိုးနှစ်ဂိုးပေးရပြီးနောက်မှာ ဂျိုအားချင်လိုက ဂိုးမက်ဇ်နေရာမှာ ဂေါ့ဇီကိုထည့်ပြီးတိုက်စစ်မြှင့်ဖို့ ပြန်ကြိုးစားခဲ့ပေမယ့် အင်္ဂလန်ကွင်းလယ်လူ ဒိုင်ယာက အနိုင်ဂိုးထပ်မံသွင်းယူခဲ့လို့ ဂျာမနီတို့ ဘာလင်မှာပဲ အင်္ဂလန်ကို အရှုံးပေးခဲ့ရတာဖြစ်ပါတယ်။ ဒီပွဲမှာအမှတ်ပြည့်ပေးလိုတာကတော့ အင်္ဂလန်အသင်းနည်းပြရွိုင်းဟော့ဂ်ဆန်ရဲ့ လူစားလဲမှန်ကန်မှုနဲ့ အင်္ဂလန်အသင်းသားတွေရဲ့စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုဖြစ်ပါတယ်။

ဂျာမနီကို နှစ်ဂိုးပြတ်ရှုံးနိမ့်နေရာကနေ သုံးဂိုးပြန်သွင်းပြီး နိုင်ပွဲရယူနိုင်ခဲ့တာက အခုအင်္ဂလန်ကစားသမားတွေဟာ အရင်ကစားသမားဟောင်းတွေထက် စိတ်ဓာတ်ပိုင်း ပိုမိုအားကောင်းလာတာလားဆိုတာ အဖြေရှာကြည့်ချင်စရာပါ။ ဒါပေမယ့်အင်္ဂလန်ဟာ ဂျာမနီကို ၂၀၀၁ ခုနှစ်မှာ ငါးဂိုး-တစ်ဂိုး၊ ၂၀၀၈ ခုနှစ်မှာ နှစ်ဂိုး-တစ်ဂိုးတွေနဲ့ အနိုင်ယူနိုင်ခဲ့လို့ ၂၀၁၂ ခုနှစ် ကမ္ဘာ့ဖလားနဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်စွဲဖို့အထိရေပန်းစားခဲ့ပေမယ့် တကယ်တမ်း ပွဲကြီးတွေကို ယှဉ်ပြိုင်ကစားတဲ့အခါ ခြေစမ်းပွဲတွေက ခြေစွမ်းကိုမမီတတ်တာ သတိပြုသင့်ပါတယ်။

ဂျာမနီအသင်းကတော့ ကမ္ဘာ့ချန်ပီယံဖြစ်ပြီးနောက်ပိုင်း ခြေစွမ်းတွေ တောက်လျှောက်ကျဆင်းခဲ့ကာ ပြီးခဲ့တဲ့နိုဝင်ဘာလက ပြင်သစ်အသင်းကို နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့သေးသလို အခုလည်း အင်္ဂလန်ကို ထပ်မံအရေးနိမ့်ခဲ့ရပြန်ပါတယ်။ ဒီပွဲမှာလည်း ဘောလုံးပိုင်ဆိုင်မှု ၆၃ ရာခိုင်နှုန်းအထိတောင်ရှိခဲ့ပေမယ့် ဂိုးကန်သွင်းမှု ၁၀ ကြိမ်မှာ ဂိုးပေါက်တည့်တာနှစ်ကြိမ်ပဲရှိခဲ့တာကတော့ အံ့အားသင့်စရာပါ။ အထူးသဖြင့် အင်္ဂလန်အသင်းရဲ့ ကွင်းလယ်ဖန်တီးရှင် ဒယ်လီအယ်လီရဲ့ မှော်ဆန်တဲ့ဘောလုံးအထိန်းအသိမ်း၊ အကွက်မြင်မြင်ဖန်တီးပေးမှုတွေဟာ ဂျာမနီအသင်းရဲ့ ကွင်းလယ်အသက်သွေးကြောလို့ တင်စားကြတဲ့ အိုဇေးလ်ထက် သာလွန်ကောင်းမွန်ခဲ့တာကလည်း ဒီပွဲအတွက်အဖြေကို ထုတ်ပေးလိုက်နိုင်တာဖြစ်ပါတယ်။

**ဂျာမနီ-အင်္ဂလန်ပွဲမှ ထူးခြားချက်များ**

- ❏ *အင်္ဂလန်အသင်းသည် နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်(၁၈)ပွဲတွင် တစ်ပွဲသာရှုံးနိမ့်ပြီး ၁၄ ပွဲနိုင်၊ သုံးပွဲသရေရလဒ်ထွက်ပေါ်ခဲ့။*
- ❏ *အင်္ဂလန်တိုက်စစ်မှူးဟယ်ရီကိန်းမှာ အင်္ဂလန်အသင်းအတွက် စတင်ကစားခဲ့ရသည့် ပွဲစဉ်မှာပင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ယခုပွဲစဉ် မတိုင်မီကစားခဲ့သော ပွဲစဉ်သုံးပွဲ၌ လူစားဝင်ကစားသမားအဖြစ်သာ ကစားခဲ့ရ။*
- ❏ *ယခုပွဲစဉ်တွင် ဂျာမနီအား ပေးဂိုးနှစ်ဂိုးပေးခဲ့ရသောကြောင့် အင်္ဂလန်အသင်း၏ ခုနစ်ပွဲဆက်တိုက်ပေးဂိုးမရှိစံချိန် ကျိုးပျက်သွားခဲ့။*
- ❏ *ဂျာမနီအသင်းသည် ဂိုးပေါက်တည့်သည့် ကန်သွင်းချက်နှစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သော်လည်း နှစ်ကြိမ်လုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့။*
- ❏ *ဂျာမနီတိုက်စစ်မှူးမာရီယိုဂိုးမက်ဇ်သည် ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်း ပထမဦးဆုံးအကြိမ် နိုင်ငံအသင်းအတွက် ဂိုးပြန်လည်သွင်းယူနိုင်ခဲ့။*



© Bongarts/Getty Images

---

## ရာသီကုန်တွင် အဲဗာတန်တိုက်စစ်မှူးလူကာကူ မန်ယူ(သို့မဟုတ်) ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့မည်



အဲဗာတန်တိုက်စစ်မှူး ရိုမီလူ လူကာကူမှာ ရာသီကုန်တွင် ပရီမီယာလိဂ်ကလပ် အဲဗာတန်မှ ထွက်ခွာကာ မန်ယူ (သို့မဟုတ်) ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ရန် စဉ်းစားနေပြီဖြစ်ကြောင်း လူကာကူ၏ ဖခင်ဖြစ်သူက ထုတ်ဖော်ပြောကြားလိုက်သည်။ လူကာကူ၏ ဖခင်ဖြစ်သူက အင်တာဗျူးတစ်ခုတွင် လူကာကူမှာ ချန်ပီယံလိဂ်ကစားခွင့်ရရှိချင်သူဖြစ်သောကြောင့် ဥရောပအင်အားကြီးအသင်းများဖြစ်သည့် မန်ယူ၊ ဘိုင်ယန်စသည့်နှစ်သင်းထဲမှ တစ်သင်းကို ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေကြောင်း ပြောကြားလိုက်သည်။

လူကာကူမှာ ချယ်လ်ဆီးအသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့်မရှိသောကြောင့် ၂၀၁၄ ခုနှစ်တွင် ချယ်လ်ဆီးမှ အဲဗာတန်သို့ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။ ထို့ပြင် လာမည့်ရာသီတွင် မန်ယူအသင်းအား နည်းပြမော်ရင်ဟိုပြောင်းလဲကိုင်တွယ်ရန် သေချာသလောက်ရှိနေရာ မော်ရင်ဟိုက ချယ်လ်ဆီး၌ ၎င်းရောင်းချခဲ့သော ကစားသမားကို ပြန်လည်ဝယ်ယူမည်လားဆိုသည်မှာလည်း စိတ်ဝင်စားစရာပင်ဖြစ်သည်။

သို့သော် လူကာကူ၏ဖခင်ဖြစ်သူက "သူက အသင်းပြောင်းဖို့ အဆင်သင့်တောင်ဖြစ်နေပြီ။ သူ့ကို အက်သလက်တီကိုမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်၊ ချယ်လ်ဆီးနဲ့ မန်ယူတို့က ခေါ်ဖို့ချိတ်ဆက်နေကြတယ်။ သူကတော့ မန်ယူနဲ့ ဘိုင်ယန်နှစ်သင်းထဲက တစ်သင်းကို သေချာပေါက်ရွေးမှာပါ။ မန်ယူက အခုမှ ပြန်လည်တည်ဆောက်ဆဲ အနေအထားမှာပဲရှိနေပြီး ခိုင်မာတဲ့ ဦးတည်ချက်မရှိသေးတာက ခက်တယ်။ ဘိုင်ယန်ကတော့ အရာအားလုံး စနစ်တကျလည်ပတ်နေပေမယ့် လီဝမ်ဒေါ့စကီးထွက်ခွာမှပဲ သူ့ပုံမှန်နေရာ ရပါလိမ့်မယ်။ ဒီနှစ်ချက်ကို သူအသေအချာ ချိန်ထိုးနေတာပါ" ဟု ပြောကြားခဲ့သည်။

မေလဲ့သင်း–စုစည်းရေးသားသည်

---

## ကာဆီးလက်စ်နှင့် ဒီဂီယာတို့ စပိန်အသင်း၏ ပထမဂိုးသမားနေရာအတွက် ထိုက်တန်



စပိန်အသင်း၏ ပထမဂိုးသမား နေရာအတွက် အပြိုင်ဖြစ်နေသော ကာဆီးလက်စ်နှင့် ဒီဂီယာတို့နှစ်ဦးလုံးမှာ ကောင်းမွန်သည့် လက်စွမ်းပိုင်ရှင်များဖြစ်သောကြောင့် မည်သူပိုကောင်းသည်ဆိုသည်ကို မှတ်ချက်ပြုရန်ခက်ခဲပြီး နှစ်ဦးစလုံးမှာ အသင်းနှင့် ပွဲထွက်ခွင့်ရရန် ထိုက်တန်ကြောင်း စပိန်ကစားသမားဟောင်း ဆယ်လ်ဂါဒိုက ချီးကျူးခဲ့သည်။ ကာဆီးလက်စ်သည် စပိန်အသင်းနှင့်အတူ ယူရို-၂၀၀၈၊ ယူရို-၂၀၁၂နှင့် ၂၀၁၀ ကမ္ဘာ့ဖလားများကို ဆွတ်ခူးပေးခဲ့သူဖြစ်သော်လည်း မန်ယူဂိုးသမား ဒီဂီယာ၏ တိုးတက်လာသော လက်စွမ်းကြောင့် နည်းပြဒယ်လ်ဘော့စကေးက လျစ်လျူရှုရန် ခက်ခဲနေခြင်းဖြစ်သည်။

ထို့ပြင် ဒီဂီယာမှာ ကာဆီးလက်စ်ထက် ပိုမိုတည်ငြိမ်သည့် လက်စွမ်းရှိသူဖြစ်သည်ဟု စပိန်မီဒီယာများက အသားပေး ဖော်ပြနေကြရာ ရီးယဲလ်မက်ဒရစ်အသင်းကပင် ပြီးခဲ့သည့်နွေစျေးကွက်၌ ကာဆီးလက်စ်အား ပေါ်တိုသို့ ထုတ်ရောင်း၍ ဒီဂီယာကိုခေါ်ယူရန် ကြိုးပမ်းခဲ့သေးသည်။ စာရွက်စာတမ်းကိစ္စ အပြီးသတ်မဆောင်ရွက်နိုင်ခဲ့၍သာ ဒီဂီယာ၏ အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။ဆယ်လ်ဂါဒိုကမူ ယင်းသို့ နေရာတစ်ခုတည်းမှာပင် အပြိုင်အဆိုင်ဖြစ်နေခြင်းက နိုင်ငံအသင်းအတွက် အပေါင်းလက္ခဏာဆောင်ပြီး ဒယ်လ်ဘော့စကေးအတွက် ရွေးချယ်စရာ များပြားလာခြင်းဖြစ်ကြောင်း၊ သူ့အနေဖြင့်လည်း မည်သူပိုကောင်းသည်ဆိုသည်ကိုရွေးချယ်၍ မရဘဲ တောင့်တင်းသည့်ဂိုးသမားများ ပိုင်ဆိုင်ခြင်းမှာ အသင်း၏ ခံစစ်တံတိုင်းအတွက် ပိုမိုလုံခြုံစေကြောင်း ဆိုခဲ့သည်။

---

## မာရှယ်လ်မှာ အွန်နရီနှင့် တူညီသော အရည်အသွေးရှိသူဖြစ်ကြောင်း ဆာဟာချီးကျူး



မန်ယူလူငယ်တိုက်စစ်မှူး အန်ထော်နီမာရှယ်လ်မှာ အသက်(၂၀)အရွယ်မှာပင် အာဆင်နယ် ထိပ်တန်းတိုက်စစ်မှူး အွန်နရီကဲ့သို့ ကစားနိုင်သူဖြစ်ကြောင်း မန်ယူတိုက်စစ်မှူးဟောင်း လူးဝစ်ဆာဟာက ချီးမွမ်းခဲ့သည်။

မာရှယ်လ်မှာ အွန်နရီ၏ လုပ်ဆောင်နိုင်စွမ်းအတိုင်း ကစားနိုင်သူ ဖြစ်ပြီး ဗဟိုတိုက်စစ်၊ ဘယ်ညာတောင်ပံ တိုက်စစ်နှစ်ဖက်လုံးတွင်ကစားနိုင်သူဖြစ် ကြောင်းလည်း ဆာဟာက ရှုမြင်သည်။

မာရှယ်လ်သည် ပြီးခဲ့သည့်နွေစျေးကွက်၌ ပြင်သစ်ပထမတန်းကလပ် မိုနာကိုမှ မန်ယူသို့ ပြောင်းရွှေ့ကြေး ၃၆ သန်းဖြင့် ရောက်ရှိလာခဲ့ပြီး ပြိုင်ပွဲစုံတွင် မန်ယူအတွက်သွင်းဂိုး ၁၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အွန်နရီမှာလည်း အသက်(၂၀)အရွယ် ဂျူဗင်တပ်တွင်ကစားခဲ့ရစဉ်က တောင်ပံတိုက်စစ်နေရာတွင်သာ ကစားနိုင်ခဲ့ရပြီး ကိုယ်တိုင်ဂိုးသွင်းယူနိုင်သည်ထက် သူ၏ တိုးအား၊ လှုပ်အားများဖြင့် ပြိုင်ဘက်နောက်တန်းအား ပြိုလဲစေခဲ့သူဖြစ်သည်။ ယင်းနောက်အာဆင်နယ်သို့ ရောက်ရှိလာပြီး ဝင်းဂါး၏ ဗဟိုတိုက်စစ်နေရာတွင် အထိုင်ချကစားစေမှုကြောင့် ပွဲပေါင်း ၃၇၇ ပွဲကစားခဲ့ရာ သွင်းဂိုး ၂၂၈ ဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဆာဟာက "သီယာရီ(အွန်နရီ)ကတော့ တကယ်အဆုံးအဖြတ်ဂိုးတွေ သွင်းယူနိုင်တဲ့သူပါ။ မာရှယ်လ်ကတော့ ဒီအဆင့်ရောက်ဖို့ ကြိုးစားရဦးမှာဖြစ်ပေမယ့် အွန်နရီလည်း အသက်(၂၀)မှာ မာရှယ်လ်စွမ်းဆောင်ပြသလောက်ပဲ လုပ်ဆောင်နိုင်ခဲ့တာပါ။သူတို့နှစ်ဦးမှာ လုံးဝတူညီတဲ့အချက်တွေကတော့ ကြံ့ခိုင်မှု၊ ဘောလုံးအထိန်းအသိမ်း၊ ပြိုင်ပွဲအပေါ် ပေါ့ပေါ့ပါးပါး ချဉ်းကပ်နိုင်တာတွေရှိကြတာပဲ ဖြစ်ပါတယ်"ဟု MUTV သို့ ပြောကြားခဲ့သည်။

# စုပုံထားသော ပိုင်ရှင်မဲ့သစ်များ မြို့သစ်မြို့၌ သိမ်းဆည်းရမိ

**တမူး မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့၌ တရားမဝင်စုပုံထားသည့် ပိုင်ရှင်မဲ့သစ်များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ တမူးမြို့နယ် သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြို့သစ်မြို့ သစ်တောလက်ထောက်တာဝန်ခံနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မတ် ၂၂ ရက် မွန်းလွဲပိုင်းက နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ အရှေ့ဘက်တောအတွင်း၌ တရားမဝင် စုပုံထားသည့် ကျွန်းသစ် ၅၇ လုံး(၁၂ ဒသမ ၃၉၄ တန်) ကာလတန်ဖိုးငွေကျပ် ၁၈၅၉၁၀၀၊ တိုင်ခြောက်လုံး(သုည ဒသမ ၈၂၈ တန်) ကာလတန်ဖိုးငွေကျပ် ၁၈၀၀၀ တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ယင်းသို့ သိမ်းဆည်းရမိသော ပိုင်ရှင်မဲ့သစ်များအား မြို့သစ်မြို့ သစ်တောရုံးတွင် အပ်နှံထားရှိပြီး ပိုင်ရှင်များအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ချင်းတွင်းသား)**

# လုယက်မှုကျူးလွန်သူများအား စစ်ဆေးရာမှ လုယက်မှုတစ်ခုထပ်မံဖော်ထုတ်နိုင်

**နေပြည်တော် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ၎င်းရဲစခန်း၏(ပ)၉၁/၂၀၁၆၊ ပြစ်မှုပုဒ်မ ၃၈၂ အမှုမှ ပြစ်မှုကျူးလွန်သူ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်နေ အောင်မျိုးဦး (ခ)ဂျိုကာ(၂၃)နှစ်နှင့် ချမ်းအေးသာစံမြို့နယ် ဒေးဝန်းအနောက်ရပ်ကွက်နေ နေမျိုးအောင်(ခ) ပုရစ် (၂၂)နှစ်တို့အား မတ် ၂၄ ရက် နံနက် ၁၀ နာရီခန့်တွင် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် လွန်ခဲ့သောငါးလခန့်က အောင်မြေသာစံမြို့နယ် (၈၂×၂၅) လမ်းထောင့်အနီးတွင် အမျိုးသမီးတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ရှေ့တွင်ချိတ်ထားသည့် လက်ကိုင်ဖုန်းတစ်လုံးပါပိုက်ဆံအိတ်အား ဆိုင်ကယ်ဖြင့် လုယူထွက်ပြေးခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဖုန်းအား သိမ်းဆည်းပြီး ၎င်းတို့အား အောင်မြေသာစံမြို့မရဲစခန်းက ထပ်မံအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်ရွာ အောင်ဇေယျ(၂)ရပ်ကွက်နေ ဦးဌေးအောင်(၅၈)နှစ်၏ ခြံဝင်းအတွင်း ခြောက်ကောင်(အန်ဂလုံ) လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ကျောက်တံခါးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ တောကျွဲအင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် သွားရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ ခြံဝင်းအတွင်း၌ ခြောက်ကောင်(အန်ဂလုံ)လောင်းကစားပြုလုပ်နေသော ဦးဌေးအောင်၊ ပြည်တော်သာရပ်ကွက်နေ ဇော်ဦး(၄၁)နှစ်၊ ဖြူးမြို့နယ် သစ်ဖြူဆိပ်ရွာနေ မသဲမွန်စိုး(၂၁)နှစ်၊ ကညွတ်ကွင်းမြို့နေ ဝေမင်းအောင်(၂၄)နှစ်နှင့် တစ်မြို့တည်းနေ မကြူကြူလှိုင်(၂၈)နှစ်တို့အား ခြောက်ကောင်(အန်ဂလုံ)လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၆၄၆၉၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဦးဌေးအောင်ပါငါးဦးတို့အား တောကျွဲအင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျွန်းသစ်များနှင့် သစ်စက်ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ငါးတဲကြီးကျေးရွာတွင် တရားမဝင်သစ်စက်ဖြင့် သစ်များခွဲနေကြောင်း သတင်းအရ ပျဉ်ထောင်လေးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲခန့်က သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ အဆိုပါကျေးရွာအနောက်ဘက် ငါးဖာလုံခန့်အကွာရှိ ပေါ်သစ်စချောင်းရိုးဘေးတွင် သစ်စက်ပိုင်ရှင်ဖြစ်သူ ၎င်းရွာနေ အောင်စိန်(၂၈)နှစ်အား တရားမဝင်သစ်ခွဲစက်ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တရားမဝင် ကျွန်းသစ်လုံးငါးလုံး၊ ကျွန်းသစ်ခွဲသားနှစ်ချောင်း စုစုပေါင်းအလေးချိန် ၁ ဒသမ ၄၇၄၇ တန်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အောင်စိန်အား အင်းရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ခဲျထီလောင်းကစားပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကမ်းနီရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် လောင်းကစားသတင်းအရ ချိတ်သင်အုပ်စု ရွာသစ်ကုန်းရွာအနီး၌ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က သွားရောက်စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသူ မြတောင်ရွာနေ ဦးတင်စိုး(၅၃)နှစ်အား ဆိုင်ကယ်မောင်းနှင်လာသည်ကိုတွေ့ရှိ၍ ရပ်တန့်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ခဲျထီလောင်းကစားရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၂၅၀၀တို့ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဦးတင်စိုးအား ထီးချိုင့်မြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူအား အမှုဖွင့်စစ်ဆေးလျက်ရှိ

**နေပြည်တော် မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကျောက်ဆည်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် မတ် ၂၅ ရက် ည ၇ နာရီခွဲခန့်တွင် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အေးမြကြည်လင်ရပ်ကွက်အရောက် ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူတစ်ဦးအား စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ မတ္တရာမြို့ အမှတ်(၅)ရပ်ကွက်နေ ရန်နိုင်မြင့်(၂၉)နှစ်ဖြစ်ပြီး ၎င်းနှင့်အတူပါရှိသော ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း ခိုင်လုံသော အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ၎င်းအား ကျောက်ဆည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

❏❏

# နောင်ချိုမြို့နှင့် တောင်ကြီးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၇**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက်က နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ်(၈၀/၄)တွင် EE/---ရဲမာန်အောင် ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည် မတိန့်ဇေထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ နှင့် မတိန်နမ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ သိမ်းဆည်းရမိသည်။ **(ယာပုံ)**

အလားတူ မတ် ၂၃ ရက်က တောင်ကြီးမြို့ ဟော်ကုန်းရပ်ကွက် မဟာဗန္ဓုလလမ်း ခူဝံ မိုတယ်ရှေ့ရှိ စိုးညွန့်(ခ)မူဆကင်၏ ကွမ်းယာဆိုင်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**






# ဆိုင်ကယ်ကယ်ရီခတောင်းသည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရာမှသေဆုံးမှုဖြစ်

**ရေတာရှည် မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၏အရှေ့ဘက် သုံးမိုင်ခန့်အကွာ ပီတူး-ကျွန်းတော်ကုန်း ကျေးရွာသွားလမ်းတွင် တစ်ရွာတည်းသားချင်း ဆိုင်ကယ်ကယ်ရီခ ငွေကျပ် ၁၅၀၀ တောင်းယူသည့်ကိစ္စနှင့်ပတ်သက်၍စကားများရန်ဖြစ်ကာ လက်သီးဖြင့်အထိုးခံရပြီး ကျောက်လမ်းပေါ်လဲကျသည့်ဒဏ်ဖြင့် သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် ညနေ ၅ နာရီခွဲခန့်က ပီတူးကျေးရွာအုပ်စု ကျွန်းတောကုန်းကျေးရွာနေ ဦးထွေးမောင်(၇၀)နှစ်သည် တစ်ရွာတည်းနေ မျိုးလွင်ဦး (၃၀)နှစ်နှင့် ပီတူး-ကျွန်းတောကုန်းလမ်း၌ တွေ့ရှိခဲ့ပြီး မျိုးလွင်ဦးထံမှ ဆိုင်ကယ်ကယ်ရီခ ငွေကျပ် ၁၅၀၀ မပေးသည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်စဉ် မျိုးလွင်ဦးက လက်သီးဖြင့်ထိုးခဲ့၍ ဦးထွေးမောင်မှာ ကျောက်သားလမ်းပေါ်သို့လဲကျကာ ဦးခေါင်းနောက်စေ့သွေးထွက်ပေါက်ပြဲဒဏ်ရာ၊ ယာဘက်မေးရိုးဖူးယောင် ဒဏ်ရာများ ရရှိသွားခဲ့ပြီး နေအိမ်၌ဆေးမီးတိုဖြင့် ကုသနေစဉ်သေဆုံးသွားခဲ့၍ လက်သီးဖြင့်ထိုးသူ ကျွန်းတောကုန်းကျေးရွာနေ မျိုးလွင်ဦးအား ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**




ကျွန်တော် သေဒဏ်ကျခဲ့ရသော
(၁၇) လ (၁၇) ရက်
ဇော်သက်ထွေး
"အာဏာရှင်ခေတ်မှာ မတရားသဖြင့်
သေဒဏ်ချမှတ်ခြင်းခံခဲ့ရသော မီဒီယာသမားတစ်ယောက်ရဲ့
ချောက်ချားစရာ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခု"
ထွက်ပါပြီ
ဖြန့်ချိရေး ■ ပင်ရင်း ၀၉ ၇၃၀၆၀၆၂၀၊ ၀၉ ၂၆၂၉၃၃၃၆၃၊ ၀၉ ၇၈၁၈၈၄၀၃၄ | မန္တလေး ■ နဂါးစာပေ ၀၂ ၃၆၇၄၅၊ ၀၂ ၂၄၄၅၈ | ရန်ကုန် ■ စူဝံစာပေ ၀၁ ၃၈၅၅၉၇

ပြည်တွင်းရေးရာ

ဆောင်းပါး

# ဆူးပုပ်အကြောင်းတစေ့တစောင်း

ခ ကြည်လွင်မြင့်(မုဒြာ)



ဆူးပုပ်ရွက်သည် နာမည်နှင့်လိုက်အောင် ဆူးများလည်းပါသေး၊ အနံ့အသက်ကလည်း စူးသဖြင့် အလွန်အနံ့ပြင်းသောအရွက်ဖြစ်သည်။ ငါးပိရည်နှင့်တို့စရာပါသော ထမင်းဝိုင်းတွင် ဆူးပုပ်ရွက်ကို အစည်းလိုက်တွေ့ရသည်။ ဆူးပုပ်ရွက်ကို မကြိုက်သူများရှိသော်လည်း ယင်းကိုမက်မက်မောမော စားသုံးချင်သူများစွာ တွေ့ဖူးသည်။

ဆူးပုပ်ရွက် မကြိုက်နှစ်သက်သူများက ဆူးပုပ်၏အနံ့ပင် မခံနိုင်၊ အခြားသူစားထားလျှင် ထိုသူ အနီးသို့ မကပ်ချင်၊ ချွေးထွက်လျှင်၊ လေလည်လျှင်ပင် ဆူးပုပ်အနံ့ရသည်ဟုဆိုသည်။ ယုတ်စွအဆုံး ပါးစပ်မှလေချဉ်တက်လျှင်ပင် ဆူးပုပ်အနံ့ထွက်သည်ဟုဆိုသည်။

ဆူးပုပ်ရွက်စားပြီး ပါးစပ်မနံစေချင်လျှင်ပြုလုပ်ရမည့်နည်းမှာ သကြား ဟင်းစားဇွန်းတစ်ဇွန်းကို ငုံထားရမည်။ ရေမသောက်ဘဲ ခဏကြာ ငုံထားပြီး ပါးစပ်ထဲတွင်ပျော်သွားမှ မျိုချပေးလျှင် ပါးစပ်နံ့ မနံတော့ပေ။ စကားပြောလျှင် ဆူးပုပ်ရွက်အနံ့မထွက်တော့ဟုဆိုသည်။

ဆူးပုပ်ရွက်စားပြီး ချွေးတွင် အနံ့မထွက်စေလိုလျှင် ဝမ်းတွင် အနံ့မထွက်စေလိုလျှင် ထမင်းစားပြီးနောက် ထန်းလျက်ခဲ ၃-၄ ခဲခန့် ရေနွေးကြမ်းဖြင့် သောက်ပေးရမည်။ ထန်းလျက်ခဲသည် ဝမ်းတွင်းမှ အပုပ်နံ့များကို ကြေကျက်စေနိုင်ပြီး ခံတွင်း၊ ဆီး၊ ဝမ်း၊ လေနှင့် ချွေးတို့မှ အနံ့ဆိုးထွက်ခြင်း မဖြစ်တော့ပေ။ ဤသည်မှာ ဆူးပုပ်ရွက် အလွန်ကြိုက်နှစ်သက်သူက ပြောပြသောနည်းလမ်းဖြစ်ပါသည်။

ဆူးပုပ်ကြီးရွက်ကို ပဲဟင်းနှင့်ရောချက်သောအခါ စားကောင်းသည်ဟုဆိုသည်။ အထူးသဖြင့် ပဲကြီးနှင့်ဆူးပုပ်သည် လိုက်ဖက်ညီသောအတွဲဖြစ်သည်။ ပဲကြီးကလည်း တက်၊ ဆူးပုပ်ကလည်းတက်နှင့်စားပြီး တစ်နာရီခန့်ကြာလျှင် အိပ်ချင်၍ ငိုက်မျဉ်းလာလေ့ရှိသည်။

ဟင်းရွက်စုံဟင်းချိုများတွင် ဆူးပုပ်ရွက်ထည့်ချက်သောအခါ နောက်ဆုံးမှ ထည့်ရသည်။ ဆူပွက်နေသော ဟင်းရည်တွင်ထည့်ပြီး အနံ့မထွက်အောင် အုပ်ထားရသည်။ ဆူးပုပ်ရွက်အရိုးပါနူးသွားလျှင် ပို၍စားကောင်းသည်။ ဗူးသီးဟင်းချိုတွင်လည်း ဆူးပုပ်ရွက် ခတ်စားလေ့ရှိသည်။

တောခလေ့အစားအစာများဖြစ်သော ဂုံမင်းနှင့် ပုတက်စာဟင်းချိုများ ချက်ရာတွင် မြို့မှာကဲ့သို့ ပုစွန်ခြောက်မထည့်ဘဲ လယ်ငါးလေးများကို မီးဖုတ်ပြီးထည့်၊ ဆူးပုပ်ရွက်ကို ချခါနီးမှအုပ်ချက်လျှင် အလွန်စားကောင်းသည်။

ဆူးပုပ်ရွက်ကို ကြက်သွန်ဖြူ အနီများများသုံးပြီး ကြော်ချက်၊ စားလျှင်လည်း အလွန်စားကောင်းသည်။ အချို့က ဆူးပုပ်ရွက်ကို ကြက်ဥနှင့်ခေါက်ပြီးရော၍ကြော်စားသည်။ ဝမ်းကိုက်လျှင်၊ အညောင်းများလျှင် ဆူးပုပ်ရွက်ကို ဘဲဥနှင့်ကြော်စားလျှင် လက်တွေ့သက်သာသည်ဟု ဆိုသူများလည်း ရှိသည်။

ဆူးပုပ်ရွက်ကို ရေစင်အောင်ဆေးပြီး ဆားနှင့်တို့၍ အစိမ်းစားသူကိုတွေ့ဖူးသည်။ အရိုးအတွင်းမှ ကိုက်သော ဒူလာအညောင်းရောဂါကို သက်သာစေသည်။ အချို့ကလည်း ရာသီအလိုက်ဖြစ်သော တုပ်ကွေးရောဂါကို ကာကွယ်သည်ဟုဆိုသည်။

ဆူးပုပ်ရွက်သည် အစိမ်းရောင်ရှိသောကြောင့် ပုံမှန်စားသုံးပေးသောအခါ ကြက်မျက်သင့်ရောဂါ (ညအမှောင်တွင် မျက်စိမမြင်သောရောဂါ) ပျောက်ကင်းသည် ဟုဆိုသူရှိသည်။ ဆူးပုပ်ရွက်သည် အကြောတက်သော်လည်း သွေးမတက်ဟုဆိုသည်။

ဆူးပုပ်သည် သွေးမတက်ရခြင်းမှာ ဓာတုရသလေးစောင်တွဲဓာတ်ကျမ်း၏ အလိုအရ ဆူးပုပ်ကြီးရွက်သည် ဝမ်းမီးတောက်ခြင်းကြောင့်၊ တေဇောကြောင့်ဖြစ်သောအပူကိုလည်းကောင်း၊ အောက်သို့သက်သောလေကိုလည်းကောင်း၊ အထက်သို့ဆန်သောလေကို လည်းကောင်း၊ မီးယပ်၌မြွေဆိပ်နှင့် တူသော သွေးကိုလည်းကောင်း၊ ကြေစေတတ်၏ ဟုဆိုသဖြင့် လေကြေစေသော သတ္တိ၊ သွေးကြေစေသော သတ္တိရှိသည်။

ရှုတော်မူ ဆေးအဘိဓာန်တွင်လည်း ဆူးပုပ်ကြီးရွက်သည် ပူ၏၊ အနံ့ပြင်း၏၊ အသားမာပေါက်သည်ကို ပျောက်စေတတ်၏။ လေကိုနိုင်၏ဟု ဓာတ်ကျမ်းများ၌ဆို၏ ဆိုလင့်ကစား ဆူးပုပ်ကြီးသည် တက်၏၊ ကိုယ်လက်ကိုက်ခဲတောင့်တင့်၏ဟု သိရ၏။ ဆူးပုပ်ငယ်(ဆူးပုပ်ကလေး)သည်လည်း ၎င်းနှင့် အကျိုးပေးတူ၏ဟု ဆိုထားပါသည်။

ဇီဝိတဆေးကျမ်းတွင်ကား ဆူးပုပ်ရွက်သည် အနံ့အခိုးပြင်း၍ အဆိပ်များသောအရွက်ပေတည်း။ အာကာသပထဝီကြီးမား၏ သီတဥဏှနှစ်ပါးမှာ မအေးလွန်း၊ မပူလွန်းသဖြင့် မျှတသည်ဟု ယူမှ သင့်လျော်ပါမည်ဟုဆိုထားပြန်သည်ကို ချင့်ချိန်စားသုံးနိုင်ကြရန် တင်ပြလိုက်ရပါသည်။

## သုံးခွမြို့၌စာပေရေချမ်းစင် စာစဉ်အသစ် ထပ်မံဖြည့်တင်းခြင်းလုပ်ငန်းဆောင်ရွက်

**သုံးခွ မတ် ၂၇**

ရပ်ကွက်၊ကျေးရွာပြည်သူလူထု အသိပညာတိုးပွားစေရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများသည် မတ် ၂၄ ရက် နံနက်ပိုင်းက စာပေရေချမ်းစင် စာစဉ်၊ စာအုပ်များကို အသစ်ထပ်မံဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းစာစဉ်များမှာ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ၊ အတ္ထုပ္ပတ္တိဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ၊ အားကစားဆိုင်ရာ၊ ပြည်သူ့နီတိဆိုင်ရာ၊ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ၊ ကလေးသူငယ်ဆိုင်ရာ စာစဉ်များကို အသစ်ထပ်မံဖြည့်တင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

## တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား လှိုင်လင်မြို့၌ကျင်းပ

**လှိုင်လင် မတ် ၂၇**

၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင်ကျရောက်သည့် တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို ခရိုင်အထွေထွေရောဂါကုဆေးရုံ လှိုင်လင်မြို့ ဇီဝကခန်းမ၌ မတ်လ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် လှိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အဖွင့်အမှာစကားပြော ကြားခဲ့သည်။ ယင်းနောက် ၂၀၁၆ ခုနှစ် မတ် ၂၄ ရက်တွင်ကျရောက်သည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြောကြားသည့် အမှာစကားအား လှိုင်လင်ဆေးရုံအုပ်ကြီးက ဖတ်ကြားခဲ့သည်။

ယင်းနောက် တီဘီရောဂါအကြောင်းသိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ခရိုင်တီဘီအဖွဲ့ခေါင်းဆောင် ဆရာဝန်ကိုယ်စား မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဒေါ်ခင်စု က ပြောကြားခဲ့ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်ဇင်သော်က တီဘီရောဂါဝေဒနာရှင်များအား အာဟာရအစားအစာများထောက်ပံ့ပေးအပ်ခဲ့သည်။ **မိုးလွင်ဦး(လှိုင်လင်)**

NEW MOTION Travels & Tours

New Motion

ရွှေလျားသစ်လွင် သင်္ကြန်ခရီးစဉ်

☆ တောင်ကြီး ခရီးစဉ် - April; 11,12,13,17
☆ မန္တလေး ခရီးစဉ် - April; 11,17
☆ တောင်ကြီး-ပုဂံ ခရီးစဉ် - April; 11,12
☆ ပုဂံ-ရွှေစက်တော် ခရီးစဉ် - April; 11
☆ ပုဂံ ခရီးစဉ် - April; 11,12,17
☆ အလောင်းတော်ကဿပ ခရီးစဉ် - April; 13,17
☆ ပုဂံ-အလောင်းတော်ကဿပ ခရီးစဉ် - April; 12
☆ ပြင်ဦးလွင်-အလောင်းတော်ကဿပ ခရီးစဉ် - April; 11,12

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 01 527 922, 01 538 811, 09 731 489 22, 09 260 792 878.

ရန်ကုန် – ငွေဆောင် ခရီးစဉ်
April - 12 - 15
(Myanmar Treasure Resort, Aureum Resort & Spa)

မန္တလေး – ငွေဆောင် ခရီးစဉ်
April - 11 - 16
(Aureum Resort & Spa)

ရန်ကုန် – ငပလီ ခရီးစဉ်
April - 12 - 15
(Aureum Resort & Spa)

မန္တလေး – ငပလီ ခရီးစဉ်
April - 12 - 15
(Thande Beach Hotel)

အမှတ်-234, 33လမ်း, 81 × 82 လမ်းကြား။
Ph; 09 431 478 79, 09 259 033 443

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကျော်ဇေယျလွင် [၁၂/အလန(နိုင်)၀၄၂၂၁၆]၏ PP No. M-625130 နှင့် CDC 79800 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၉၆၅၅

တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်ဆက်ကွန်သလား(ခ)ဒေါ်မာလာခိုင် [၁၂/မဂဒ(နိုင်)၀၂၃၈၀၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ဆက်ကွန်သလား(ခ)ဒေါ်မာလာခိုင်

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

Since 1996
ပုလဲ
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်
(၅တန်းမှ ၁၀တန်း) ကိုယ်ပိုင်အထက်တန်းကျောင်း
ဆိတ်ငြိမ် ခြံဝင်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။
ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။
(၁၀) တန်းပီပီတို့ ဆရာဝန်ဖြစ်ရန်လေ့ကျင့်၍သည့်အတိုင်း ဂုဏ်ထူးထွက်အောင်မြင်စေရန်လေ့ကျင့်ပေးသည်
(၈) တန်းအစိုးရစစ် အတွက်လည်း အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၁၀)တန်း (၄)ဘာသာဂုဏ်ထူးနှင့်အထက် နှင့် (၈/၉) တန်းကျောင်းတွင်း ပထမဆုရကျောင်းသားများကို နိုင်ငံခြားတက္ကသိုလ် လေ့လာရေး အခမဲ့ပို့ဆောင်ပေးသည်။
အမှတ် (၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း – ၀၉ ၅၁၅၈၈၅၁၊ ၀၉ ၇၁၂၉၉၇၂၆။



ဂျပန်နိုင်ငံမှ IT ပညာရပ်များကို လေ့လာသင်ယူနိုင်မည့် IT သင်တန်းကျောင်းကိုမြန်မာနိုင်ငံ၌
၂၀၁၅ခုနှစ်ဝင်ဘာလတွင်စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၂၀၁၆ခုနှစ်လတွင်တန်းခွဲသစ်များကိုထပ်မံဖွင့်လှစ်ပါတော့မည်

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးဂျပန်နိုင်ငံ၏အိုင်တီစီးပွားရေးလုပ်ငန်းများတွင်
အလုပ်ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် . . .

METRO
IT & Japanese Language Centre

2016 June Start !

ဂျပန်နိုင်ငံမှာ IT ပညာရှင်များစွာ လိုအပ်လျှက်ရှိနေတယ် ဆိုတဲ့သတင်းကအမှန်ပဲလား ?

METRO IT ကျောင်းနဲ့ ဂျပန် IT ကုမ္ပဏီ ဘယ်လိုများ ဆက်စပ်နေပါလိမ့်... ?

METRO IT ကျောင်း မှာ ဂျပန်ဘာသာစကား သင်ပေးမှာလား... ?

ဂျပန် IT ကုမ္ပဏီမှာ အလုပ်လုပ်ရင် ဘယ်လို အခွင့်အရေးတွေရှိနိုင်မလဲ... ?



2016 April လမှစတင်၍ Metro IT & Japanese Language Centre ကို ပန်းဆိုးတန်းအဆောက်အဦသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ပါမည်

IT & Japanese Language Centre
သင်တန်းကျောင်း၏ သင်ကြားရေးနှင့် ဘာသာရပ်ဆိုင်ရာ ရှင်းလင်းပွဲ

**Date** : 3.4.2016 ( Sunday )
**Time** : 1:00 ~ 3:00
**Venue** : Metro IT & Japanese Language Centre ( Room A,B,C,D 3rd Floor, Kyaw Business Tower Condo ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန် )
AYA bank နှင့် Samsung Show Room ကြားမိတ်ဆွေတာဝါမှတက်ပါရန်

အိုင်တီနှင့် ဂျပန်စာကိုအတူလေ့လာရင်းဂျပန်
အိုင်တီကုမ္ပဏီများတွင်အလုပ်လုပ်ကြရအောင်

လူဦးရေကန့်သတ်ထားပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက် ဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်ရန် – Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်
ဖုန်း - ၀၁-၂၃၁၅ ၇၅၂ ၊ ၀၉-၂၅၃ ၅၅၇ ၁၄၄ ၊ ၀၉-၂၆၂၀၀၇၉၀၀ ။ www.metro-myanmar.com/mic
Email : mminfo@metro-myanmar.com www.facebook.com/metrogroupmyanmar

စံရာအောင်မြေပဲနွယ်ကုန်းမဟာစည်ရိပ်သာ
သင်္ကြန်တရားစခန်း

